mgyoe.com SAMPLE BOOK

ချဉ်ပေါင်ရွက်သည့်မောင်မှိုင်း ဝတ္ထုဆရာ

# ဝန်စာရေး ဦးကြီး

# ဘိုးဆံပတ် မြတလေး ဝတ္ထု



ဒုတိယအကြိမ်


mgyoe.com

mgyoe.com
SAMPLE BOOK


ပန်းရွှေပြည်စာအုပ်တိုက်ထုတ်စာအုပ်များ












mgyoe.com

mgyoe.com
SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း

အုပ်ရေ ၅၀၀ အုပ်

ဒုတိယအကြိမ် ၂၀၂၂ ခုနှစ်၊ ဇန္နဝါရီလ။

မျက်နှာဖုံး တင်ထွဏ်း

ထုတ်ဝေသူ ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဦးဇေယျာဦး (၀၁၅၇၉)
Silver Sky Press ပုံနှိပ်တိုက်၊
အမှတ် ၂၆၊ ၉၇ လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ် မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK



# ဘီးဆံပတ်မြကလေး

## ဝန်စာရေးဦးကြီး

စာအုပ်အကြောင်း

ပထမအကြိမ်- အီပရာဟောင်ဆိုင်၊
၁၉၀၅ ခု
ဒုတိယအကြိမ်- ပန်းရွှေပြည်စာအုပ်တိုက်၊
၂၀၂၂ ခု၊ ဇန္နဝါရီလ။

mgyoe.com

mgyoe.com
SAMPLE BOOK

တန်ဖိုး - ၄၀၀၀ ကျပ်သာ

mgyoe.com

mgyoe.com SAMPLE BOOK 

ဒသမန္တာ၊ လုံကညာဟု၊ ကုမ္မာရွယ်ရောက်၊
ဆံတောက် မမီတမီ၊ စည်းကြိုးနီကလေးနှင့်၊
ကေသီရုံးကာ၊ မထုံးရှာကြဘဲ၊ သုံးခါရစ်ထပ်၊
မြအရောင် လှအောင်သတ်ကြ၊ ဘီးဆံပတ်တွေ၊
ကျက်သရေတစ်ခု၊ နှုချင်တိုင်းနှုကြတဲ့၊ အပုမေတို့မှာ၊
အခြေအစ၊ ပဝေသနက အလှတကာ့ပဂေး၊
အဝနဂရမှာ မွေးပါတဲ့၊ မမြကလေးက၊
အစအကြောင်းသနစ်ကို၊ တီထွင်ခဲ့လေတော့၊
အဟောင်းအမြစ် အစီအစဉ်နှင့်၊ အီဘရာဟင်ကုမ္ပဏီအချုပ်က၊
စာတံတစ်အုပ် ငါးမတ်နှင့်၊ ယခုလ အပြီးသတ်ရှိရောင်းသော၊
**'ဘီးဆံပတ် မြကလေးဝတ္ထု'** ဟောင်းကို၊
ကောင်းကောင်းနုနု မောင်မှိုင်းဝတ္ထုရေး၍ အပြီးသတ်လျှင်ပင်၊
ဘီးဆံပတ်အကြောင်း ပြဲ၍မို့၊
အဟောင်းဝတ္ထု၊ အခြေရေးပါဟု၊
ငွေပေးကာ၊ စရန်တစ်ရာနှင့်၊
အဖန်ဖန်အခါခါ တောင်းပန်ပါများသောကြောင့်၊
သနားသဖြင့် ရေးပေးလိုက်သည့်အတိုင်း၊
ယဉ်ကျေးဖွယ်ရာ၊ လိမ္မာပြေပြစ်သောစကား၊
အဆီအထပ်ထပ်နှင့်၊
အရပ်ရပ်သော၊ အတုအပ အမှတ်အသားတွေတို့၊
အပုအလှ၊ အနုပ်အပါးတို့က၊ ယခုသမယ၊
ဆံပတ်အများတို့နှင့်၊
ကိုင်း- ဖတ်ကြားကြပေတော့၊ ဖတ်ကြားကြပေတော့။

* မူလထုတ်ဝေစဉ် အဖွင့်ကြော်ငြာစာ။

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK 

## ဒုတိယအကြိမ်ပုံနှိပ် အမှာစာ

ပထမအကြိမ် ပုံနှိပ်မှုပါ သတ်ပုံအချို့ကို ပြင်သော်လည်း၊ အချို့သတ်ပုံများကို ရှေးစာအငွေ့အသက် ဗဟုသုတ ရစေရန် မပြင်ဘဲ ထည့်ပေးထားပါသည်။ ဥပမာ–

ကျွန်ုပ် (ကျွန်ုပ်)။ ကို (ကိုယ်)။ ဆုမ္မ (ဆုံးမ)။ မုက္ခ (မုချ)။ ကဲ့ (ခဲ့)။ ပုန်ကန်သောင်းကြမ်း (ပုန်ကန်သောင်းကျန်း)။ ကျေးဇူးရှင် (ကျေးဇူးရှင်)။ ဥက္ကောင်း (ဦးခေါင်း)။ ကြွေးမြေ (ကြွေးမြီ)။ ပါပြုလို့ (ဘာပြုလို့)။ နှိုက် (၌)။ နားညှောင်း (နားတောင်း)။ သမ္မီး (သမီး)။ ဧ (အေး)။ စီ (စေ)။ ကုလားကာ (ကန့်လန့်ကာ)။ ငါ့ (င)။ လက္ခံ (လက်ခံ)။ သွားမည်တိုင်း (သွားမြဲတိုင်း)။ ကျမ္မာ (ကျန်းမာ)။ ဝတ်တရား (ဝတ္တရား)။ အိမ့်ရှင် (အိမ့်ရှင်)။

mgyoe.com

mgyoe.com SAMPLE BOOK

သွှားတော် (သမားတော်)။ ဘွင် (ဘဝင်)။ ကန်တရိုက် (ကန်ထရိုက်)။ ရွှေ့ (၍)။ အထွင့် အမြွတ် (အထွတ်အမြွတ်)။ ဩဘာဃ (ဩဃ)။ လုလင် (လုလင်)။ ရည်းစားတဏှာ (ရည်းစား သနှာ)။

ကသတ် (က်) အစား သေးသေးတင် (ံ) ထားသည် များကိုမူ၊ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းနှင့်အညီ ပြင်ထည့် ပါသည်။ 'ထော်၊ အော်၊ သော်' များကို 'ထောက်၊ အောက်၊ သောက်' ပြောင်းသည်။

ဝါကျတစ်ကြောင်း၌ ၁ ချက်ပုဒ်, ၂ ချက်ပုဒ် (ပုဒ်ထီး, ပုဒ်မ) များ ထည့်ပုံမှာ ယနေ့ ရေးသားပုံနှင့် မတူပါ။ ပုဒ်ထီး, ပုဒ်မများကို ဝါကျကြီးတစ်ကြောင်း၌ပင် အတော်များများ သုံး ထားသည်မျိုးကို တွေ့ရတတ်ပါသည်။ ဥပမာ-

'ရှိဘူးတဲ့မေတ္တာ။ ကရုဏာကြောင့်။ လွန်စွာ သနား လိုက်ပါငဲ့။ မြကလေးရဲ့ဟု။ အောက်မေ့ပြီးလျှင်။ မျက်ရေရွှန်းရွှန်း လည်လေ၏။'

'သုဘကိန်အော်။ ဘုံတရော်တွင် မီးတောက်ရဲပြောင်။ ကမ္ဘာမီးလောင်သကဲ့သို့။ ပူလေအောင်ပ၊ သည်တကမကို။ မရ ရင်လေ။ သေကောင်းသေရလိမ့်မထင့်။'

ထိုခေတ်ထိုအခါက စာရေးသားပုံ, စာပုံနှိပ်ပုံများ ဖြစ်ပါ သည်။ ယင်းတို့ကို ယနေ့ခေတ်နှင့် အဆင်ပြေရုံမျှ ဖြုတ်ပြင် ထည့်ထားပေးရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK 

ပထမအကြိမ်ရိုက်မှု၌ အခန်းခေါင်းစီးနံပါတ်များ မပါပါ။ 'အခန်းနံပါတ်' ဟုသာပါပြီး ၁-၂-၃-၄ ထိုးမထားပါ။ စာရေးသူ၏ အားနည်းချက်လား၊ စာအုပ်ပုံနှိပ်သူ၏ ပေါ့လျော့မှုလားတော့ မသိ။

ယခု ပြန်ရိုက်ရာ၌ မူလအခန်းခွဲထားသည့်အတိုင်း ၁-၂-၃-၄ ထိုးကာ အခန်းအလိုက် ခေါင်းစီးများ ထိုးပေးလိုက်ပါသည်။

* * *

ဝန်စာရေးဦးကြီး (တိုင်းတာမြို့စားကြီး၏စာရေး ဦးမောင်ကြီး)သည် ပထမဆုံးလုံးချင်းဝတ္ထု 'ချဉ်ပေါင်ရွက်သည်မောင်မှိုင်း' ကဲ့သို့ပင် ယခုဝတ္ထုကိုလည်း အားထုတ်ကြိုးပမ်းရာ၌ လက်ရာမလျော့ပါ။ ရှေ့ဝတ္ထု အောင်မြင်ထားသည့်အရှိန်ကို အမီလိုက်ထားပါသည်။ တစ်ဖက်က ဂျိမ်းစ်လှကျော်၏ 'မောင်ရင်မောင် မမယ်မ' အမှီးဝတ္ထုကို အားကျမခံ 'ချဉ်ပေါင်ရွက်သည်မောင်မှိုင်း' ဝတ္ထုဖြင့် လိုက်ပါသည်။ ချဉ်ပေါင်ရွက်သည်မောင်မှိုင်းဝတ္ထုကို စာဖတ်သူတို့ လက်ခံစုံမက်ကြသောအခါ ဘီးဆံပတ်မြကလေးဝတ္ထုကို ဆက်ရေးပါသည်။

ဘီးဆံပတ်မြကလေးဝတ္ထု စာအုပ်နောက်ဆုံးတွင် ကြော်ငြာထားရာ၌ 'ရိုက်ဆဲရှိသောဝတ္ထုစာအုပ်များ- စိန်ကလေးဝတ္ထု၊ ခင်ခင်ညွန့်ဝတ္ထု၊ မောင်ကျောက်လုံးဝတ္ထု၊ ထင်းသည် မောင်ပုပွဲဝတ္ထု၊ သိုက်ဆရာမောင်ရန်ကင်းဝတ္ထု၊ မောင်ပန်ကလေးဝတ္ထု' တို့ ဖြစ်ပါသည်။

'၁၂၆၇ ခုနှစ်အတွင်း ပုံနှိပ်ထားသော ဇာတ်လမ်းဇာတ်

mgyoe.com

mgyoe.com
SAMPLE BOOK

ဆန်းအမျိုးမျိုးများ ရောင်းရန် ရှိပါသည်။' ဟူသော မူလကြော်ငြာစာအရ ၁၉၀၅ ခုနှစ် (၁၂၆၇ ခု) တွင် ဤဘီးဆံပတ်မြကလေးဝတ္ထုကို ထုတ်ဝေပြီးဖြစ်ကြောင်း ခြေရာကောက်နိုင်ပါသည်။ ဝန်စာရေးဦးကြီး၏ ဒုတိယမြောက် လက်ရာသည် ဤ 'ဘီးဆံပတ်မြကလေးဝတ္ထု' သာ ဖြစ်ပါသည်။[၁]

* * *

ဘီးဆံပတ်မြကလေးဝတ္ထုသည် အင်းဝခေတ် နန်းတွင်းနောက်ခံဟု ယူသော် ရကောင်းပါသည်။ စာရေးသူကမူ မည်သည့်မင်းလက်ထက် မည်သည့်ခေတ်ကာလဟု ထုတ်မရေးထားပါ။ အင်းဝမင်းသည်ပင် ဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်နေရပါသည်။ မြကလေးကို တော်ကောက်သည်မှာ အင်းဝမင်းဖြစ်ပါသည်။ ၁၇၀၀ ဝန်းကျင် အင်းဝခေတ်ကို နောက်ခံပြုထားသော်လည်း ၁၈၀၀ နောက်ပိုင်းခေတ် မမြကလေး (နန်းမတော်မြကလေး)ကိုလည်း သူ့အဓိကဇာတ်ဆောင်နေရာ၌ ယူသုံးထားပြန်သည်။ 'ဗျာပါဆံ' ခေါ် ဘီးဆံပတ်သည် နန်းမတော် မမြကလေး၏ ပူပုံဖမ်း ဆံပင်ထုံးဖွဲ့မှု ဖြစ်ပါသည်။ ယင်းကို ၁၇၀၀ ဝန်းကျင် နောက်ခံ၌ စာရေးသူက ယူသုံးသွားပါသည်။

မြကလေး၏ဘဝသည် သာမန်မိန်းကလေးအဖြစ်မှ နန်းတွင်းခစားရသူ။ ထိုမှ ဘုရင်၏ တော်ကောက်ခံရသူ။ ထိုမှ သူပုန်နှင့် အဆက်အသွယ်ပြုသည်ဟု ကုန်းချောခံရပြီး ဆင်နင်း

၁။ ရာပြည့်ဦးစိုးညွန့်၏ 'နှစ်ဆယ်ရာစု မြန်မာစာရေးဆရာ ၅၀၀' စာအုပ်အရ ၁၉၀၅ ခုနှစ်မှ ၁၉၁၁ ခုနှစ်အတွင်း ပ, ဒု, တ-၃ တွဲအထိ ထုတ်ဖြစ်ခဲ့ကြောင်း သိရပါသည်။ ကျန် ၂ တွဲ ကိုလည်း ရှာဖွေတွေ့ရှိသည်နှင့် အမြန်ဆုံး ရိုက်နှိပ်ထုတ်ဝေပေးပါမည်။

mgyoe.com

mgyoe.com SAMPLE BOOK


သတ်စေခံရသူ။ ထိုမှ လွတ်မြောက်ပုန်းအောင်းနေရသူ။ ထိုမှ ဘုရင်က ပြန်လက်ခံခဲ့သူ။ ထိုမှ မူလကုန်းချော့သူတို့၏ အကောက်ကြံနေခိုက်၊ ဘုရင်ကလည်း မဟာဆီ မဟာသွေးအစစ်ဖြစ်သော စကုထိပ်ခေါင်တင်စုဘုရားကို အချစ်တိုးခိုက်။

ဤနေရာ၌ 'ဘီးဆံပတ်မြကလေးဝတ္ထု။ ပဋ္ဌမတွဲ။ ဤတွင် တန့်ရပ် အပြီးသတ်လိုက်သည်။' ဟု အဆုံးသတ်ပါသည်။

* * *

ဘီးဆံပတ်မြကလေးဝတ္ထုတွင် အဓိကဇာတ်ဆောင်မှာ 'မြကလေး'ပင် ဖြစ်ပါသည်။ ကွမ်းရေတော်မောင်မောင်သုံ၊ မာရဘင်ဗိုလ်မောင်မောင်ကလေး (နောင် မြို့ဝန်ဖြစ်)၊ မြို့ဝန်ဦးပေါက်တူး၊ ဘုန်းကြီးဦးပုည–စသူတို့သည် မြကလေးကို စိတ်ဝင်စားကြ၊ ပိုးပန်းကြသူများ ဖြစ်ပါသည်။

မြကလေးကို ချဉ်းကပ်စကား ပြောဆိုရာ၌ မြကလေးကလည်း အလိမ္မာဖက်ကာ အမုန်းမထား အချိုသတ်ခွာခဲ့သည်ချည်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း မြကလေး ဒုက္ခရောက်ချိန်၌ အသီးသီး ကယ်မကူညီကြပါသည်။

မြကလေးသည် ဘုရား၊ တရားကို ပိုအားထားသည်။ အိမ်ထောင်ရေးကို စိတ်မကူးသူ၊ ချစ်ရေးခင်ရေးကို ဝါသနာမပါသူအဖြစ် စာရေးသူက ရေးဖွဲ့ပါသည်။ နိမ့်ပါးချိန်၌ရော ကောင်းစားနေချိန်၌ပါ တရားနှလုံးသွင်းကာ လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်နေသူလေးအဖြစ် စာရေးသူက ပုံဖော်သလောက် ပေါ်လွင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စကားပြောခန်းများ၌ ဇာတ်ဆောင်များအားလုံးလိုလို သည် မပြောခင် စိတ်က အောက်မေ့ပုံ၊ စဉ်းစားပုံ၊ ဆင်ခြင်ပုံ ကလေးများထားပြီး စကားပြောခြင်း။ စကား ပြောပြီးပါကလည်း ပြန်သုံးသပ် ဆင်ခြင်ခြင်းများကို ဝတ္ထု၏ နေရာ အတော်များများ၌ စာဖတ်သူ သတိထားမိပါလိမ့်မည်။ ပြီးပြီးရော အရမ်းကာရော အချင့်အချိန်မရှိ မနေတတ်သော၊ နှုတ်လျှာစည်းမမဲ့သော ဇာတ် ဆောင်များကို စာရေးသူသည် ပုံဖော်ထားပါသည်။

စာရေးသူသည် ဟာသဉာဏ်လည်း ရွှင်ပုံရပါသည်။ လူရိုးလူကြောက်ကြီး ဦးရာချို (မြကလေးအဖေ)ကို အစအနောက် များနှင့် ဟာသဖောက်ထားသည်မှာ ရယ်ရွှင်ပြုံးပျော်စရာပင်။

* * *

မည်သို့ပင်ဖြစ်စေ ဤဘီးဆံပတ်မြကလေးဝတ္ထုသည် ကာလပေါ်ဝတ္ထုခေတ်ဦး၌ အရည်အသွေး မညံ့လှပါသော မြန်မာ ဝတ္ထုစစ်စစ်တစ်ပုဒ်အဖြစ် ဂုဏ်ယူစွာ ထုတ်ဝေခွင့်ရသည့်အတွက် ကျေနပ်မိပါသည်။ စာဖတ်သူတို့လည်း ထပ်တူခံစားကြရလိမ့်မည် ဟု ယုံကြည်ပါသည်။

ကိုရွှေသိမ်းမင်း

ယန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

မြကလေးဝတ္ထုကို ကြည့်ရှု ဖတ်နာတော်မူကြသော အကျိုးကျေးဇူးများ၊ အထူးသဖြင့် ကောက်ကာပြပါမည်။ ဆံတောက် ကညာအလှ ဘီးဆံပတ်တို့က အပြီးအသတ် အရင်းအမြစ်များကို စဉ်းစား၍ ဆုံးအောင် ဖတ်တော်မူကြပါဗျို့။

- မိဘတို့ဂုဏ်ကျက်သရေ ယုတ်လျော့စေတတ်သော အရာများကို သူတစ်ပါးတို့ နားသွင်းဖျောင်းဖျ၍ မရနိုင် မကြံနိုင်အောင်၊ မြကလေးကဲ့သို့ စဉ်းစား ဆင်ခြင်နိုင်သည့်ပြင်။

- စကားရောင်း စကားဝယ်၊ ပရိယာယ်နှင့်၊ အသယ်အပိုးများသော လူရှုပ်မိန်းမရှုပ်၊ အနုပ်အစုတ် အသေးအဖွဲတို့ကို၊ မမေးဘဲနှင့်၊ အကဲကို ခတ်မိ၍၊ အသိအလိမ္မာ တိုးသည့်ပြင်။

- အပြောအဆို ပုံတိုပုံပေါင်း၊ အကြောင်းအကျိုး ဆိုရိုးဆိုခွင့် ရှိသောအခါ၊ ဥပမာ ဥပမေယျတို့နှင့်တကွ ကျကျနန စေ့စေ့စပ်စပ်၊ အရပ်ရပ်သော အသိအလိမ္မာနှင့် ပြည့်စုံသည့်ပြင်။

- လောဘ, ဒေါသ၊ မာနအရာ ငါသာလျှင်မြတ်၊ ငါသာ တတ်သည်ဟု၊ မနပ်မနူး၊ ရိုးရှူးရှူးနှင့်၊ မြူးထူးရွှင်ရွှင်၊ ပွဲသဘင်မှာ၊

mgyoe.com

mgyoe.com SAMPLE BOOK

မြင်ရင်နှုတ်ဆက်၊ ကလက်တက်တက်နှင့်၊ မပျက်တပျက် မိန်းမများကို ရှောင်ရှားနိုင်သည့်ပြင်။

- ဗဟုသုတအရာ၊ အလိမ္မာ အမြော်အမြင်နှင့်၊ ဆင်ခြင်စဉ်းစား၊ အကင်းပါးလျက်၊ စကားအရှုပ်အထွေး အမေးအမြန်း၊ အစမ်းအသတ်၊ လည်လည်ပတ်ပတ်၊ နှံစပ်ကျေပွန်သည့်ပြင်။

- ခက်ခက်ခဲခဲ၊ အကျိုးနည်းလောက်သောအရာ၊ ပေါ်ပေါက်လာလျှင်လည်း၊ သုဘာသီတ၊ ပီယဝါစာ အရာရာနှိုက်၊ ကောင်းစွာအောင်မြင် ချောမောအောင်၊ အပြောအဆို အကြံအစည်နှင့်၊ ပြည့်စုံသည့်ပြင်။

- ပညာရှိအပေါင်း၊ သူတော်ကောင်းတို့၏ အလိုစရိုက်ကို အလိုက်သင့် သဘာဝတရားနှင့်၊ ဂါရဝထား၍ ရိုသေလေးမြတ်၊ လေ့ကျက်အပ်သော သူတော်ကောင်းတရားကို၊ မျက်ဝါးထင်ထင်၊ သိမြင်လိမ္မာသည့်ပြင်။

- မြကလေး ဥပမာကဲ့သို့၊ မျက်နှာအသိအထား၊ အသွားအလာ အပြောအဆို၊ အပြုအမူ အနေအထိုင်မှစ၍၊ အကျိုးအကြောင်းတို့ကို၊ ကောင်းကောင်းကြီး သိနားလည်သည့်ပြင်။

- အဆင်းအင်္ဂါ၊ လက္ခဏာမှာ၊ ငါသာဟန်ရ၊ ငါသာလှသည်ဟု၊ ပသာဒယူ၊ မာနကူလျက်၊ လူမလိမ္မာ၊ မိစ္ဆာလိုလား၊ မပြောတတ်တဲ့၊ တောနတ်ဝါးတို့အား၊ စကားနှင့် သင်ပြ၍၊ ဆုမ္မနိုင်သည့်ပြင်။

- သူတော်ကောင်းသားမြေး၊ ကုန်သည်သူဌေး စာရေးကြီးအလုပ်၊ မြို့အုပ်ဝန်ထောက်၊ ရွှေးကောက်အောင်မြင် ဘီအေရ

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့၊ ဘဘခင်ကလေးတို့နှင့်၊ ခေါင်ငင်မိတ်ဖွဲ့၊ မိဘချင်းတည့်သော်လည်း၊ ကိုယ်နဲ့ဖက်ပြိုင်၊ နှုတ်ခွန်းဆိုင်က၊ ပိုင်ပိုင်နိုင်နိုင် မယိုင်မရွံ့၊ ကွန့်ချင်တိုင်း ကွန့်နိုင်သည့်ပြင်။-

အညွှန့်ပေါ်မှာ အဖူးတင်၍၊ ဦးအောင်ပင် စကားနှင့်ထု၍၊ အပါးမှူဒ္ဒ အချိန်အခါကျသောခါ၊ အလိမ္မာ အစအန အစွမ်းပြလောက်တဲ့၊ မြကလေးဝတ္ထု အဆီအသားကို၊ အကြားအမြင် အတုအပခိုးကြတော့၊ ယခုသမယတစ်မျိုး အဟုတ်အဟတ်လွန်းပါလိမ့်၊ အတ္တုပ္ပတ္တိ အညွှန်းအခရာပိုသမို့၊ ကညာအပျိုအအို ဘဝင်ကျအောင်ကို၊ အယဉ်တကာ့အယဉ်တွင် ချုပ်တာမို့ ငှင်းစာအုပ်၏ ဖိုး မမေးနှင့်တော့၊ ပြေးဝယ်ကြ ပြေးဝယ်ကြ။

●

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ၁

# မာရဘာင်မိုလ်တပည့် ကျားယောင်ဆောင်သိကြား

ရတနာပူရ၊ အဝရွှေမြို့တော်နိုက်၊ ဦးရာချို၏သွီး 'မြကလေး' ဆိုသော မိန်းမသည်၊ အယဉ်အလှမှာ၊ အဝရွှေမြို့တော်နိုက်၊ ပြိုင်ဖက်မရှိ။ ဆံပင်ကောင်းခြင်းနိုက်၊ နှစ်ပတ်ရစ်ထုံးပြီးသည့်နောက်၊ ဆံမြိတ်ချလိုက်သောအခါ မြေကြီးကို ကော့၍ ထောက်၏။ စာပေ့ကျမ်းဂန် သင်ကြားဖူး၏။ ရတနာသုံးပါးကို ကြည်ညိုမြတ်နိုး၏။ အလိမ္မာ အနုပ်အပါးမှာ ပြောဆိုဖွယ် မရှိ။ စကားပြောအလွန်တတ်၏။ ဘီးဆံပတ်သည် မြကလေးက စ၍ ပေါ်၏။ တစ်မြို့လုံး ထင်ရှားကျော်စောခြင်း ရှိသည်ဖြစ်၍ ဂုဏ်အသရေရှိသော မိကောင်းဖခင်သားတို့သည် ငွေကြေးအမြောက်အမြားနှင့် ပြောဆိုကြသော်လည်း၊ လိမ္မာရေးခြား စကားအရာ သာယာနာပျော်ဖွယ်ရှိအောင် ရှိရင်းမေတ္တာကို မပျက်စေဘဲ အသနားခံနှင့်သာ တောင်းပန်ပယ်ရှားလိုက်၏။ မည်သူတစ်စုံတစ်ယောက်မှ မြကလေးကို ကြံစည်ပြောဆို၍ မရနိုင် ရှိလေ၏။

---

* ပထမအကြိမ်ထုတ် စာအုပ်၌ 'အခန်းနံပါတ်' ဟူသာ စာတန်းပါပြီး နံပါတ်စဉ်ထိုးမထားပါ။ ယခုမူ၌ နံပါတ်စဉ်များနှင့် အခန်းခေါင်းစီးများကို တပ်ထားပါသည်။ 'အခန်းနံပါတ်' ဟူသော စာတန်းကိုတော့ ဆက်မထည့်တော့ပါ။

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

မာရဘင်ဗိုလ်[၁]မောင်မောင်ကလေးသည် အရွယ်ကောင်း ရုပ်ကောင်း၊ အရည်အချင်းနှင့်တကွ အရှင် ၂ ပါး မြှောက်စားချီးမြှင့်တော်မူသော ဂုဏ်ကျက်သရေနှင့် ပြည့်စုံသူဖြစ်၏။

မြကလေးတို့ အိမ်လမ်းမှ နန်းတော်သို့ အိပ်ဖန်ဝင်သော အခါ မြကလေးသည် ခေါင်းလျှော်ပြီးစဖြစ်၍ ဆံပင်ကို ဖားလျားချပြီးလျှင် စာကြည့်၍ နေသည်ကို မာရဘင်ဗိုလ် မောင်မောင်ကလေး မြင်သောအခါ မေတ္တာသက်ဝင် ချစ်ခင်စုံမက်လှ၍ မရလျှင် မနေနိုင်အောင် ဖြစ်လေ၏။ ထိုအခါ မာရဘင်ဗိုလ်ကလေးသည် မြကလေးတို့နှင့် သိကျွမ်းကြဖူးသူ ဒိုင်းစာရေးကတော်ကြီး[၂]အိမ်သို့ သွားပြီးလျှင်၊ 'မြကလေးကို ကျွန်တော် အလွန်စုံမက်ပါသည်။ မင်းကတော်ကြီးက သားရင်းအသွင် ချစ်ခင်တော်မူသဖြင့် မှိုင်းမကူညီပါမည်အကြောင်း' နှင့် ပြောဆိုတိုင်ပင်ပြီးလျှင် သနားတော်မြတ်ခံရသော ရွှေထုံးဘူးတစ်လုံးကို လက်ဆောင်ပေး၏။

ထိုအခါ ဒိုင်းစာရေးကတော်ကြီးက "မောင်မောင်- ဘာကိုမျှ မစိုးရိမ်ပါနှင့်၊ စိတ်သာချပါ။ လောကခေတ်တွင် ဝေါကပ်အောင် ပြောဆိုတတ်ပါသည်။ မြကလေးတို့လို ဆင်းရဲတဲ့အမျိုး မဆိုထားပါနှင့်။ ခင်ဖွား၊ခင်ရွက်၊ ခင်ခင်သက်တို့ကိုတောင် တစ်ချက်တည်းကျအောင် လှော်နိုင်ပါသေးသည်။"- ပြောဆိုပြီးလျှင် မာရဘင်ဗိုလ်မောင်မောင်ကလေးကို အားရပါးရ တကယ့်ကို ညားကြတော့မလောက် မြှောက်ပင့်၍ ပြောဆိုလိုက်သည်နှင့်၊ မောင်မောင်ကလေးသည် စိတ်လက်ရွှင်ပျော်လျက် နန်းတော်သို့

---

၁။ မြန်မာဘုရင်လက်ထက် နန်းဆောင်တွင် တာဝန်ထမ်းရွက်ရသော သေနတ်အမှုထမ်း။
၂။ မြန်မာမင်းလက်ထက် ဒိုင်းအစုဆိုင်ရာဝန်ထမ်း။

mgyoe.com

ဝင်သွားလေ၏။

ထိုနောက်– ဒိုင်းစာရေးကတော်ကြီးသည် ပရင်းပန်း[၁] အလုံးကြီးနှင့် တွတ်တီးတွတ်တာ၊ ဘာဝနာလိုလို ကမ္မဋ္ဌာန်းသံ ပေါက်ကလေးများ ဆိုပြီးလျှင် ဦးရာချို့တို့အိမ်သို့ သွားရာ၊ မြကလေးနှင့်ပင် တွေ့ကြ၍၊ လောကွတ်ပျူငှာနှင့် ကောင်းစွာ ဧည့်ခံ၍ နှုတ်ခွန်းဆက်သပြီးလျှင် ဒိုင်းစာရေးကတော်ကြီးက ပြောဆိုသည်မှာ "ကျွတ်တော့မလောက် ပါရမီနှင့် သူတော် ကောင်းသားမြေးပီပီ နေတတ်ပေရဲ့။ ဘဝများစွာ သံသရာကိုက ဝါသနာအထုံကောင်းတဲ့ အကြောင်းခံကုသိုလ်ကြောင့် ယခုလို လှပပေသည်။"–ဟု ချီးမွမ်းထောပနာလေ၏။

ထိုအခါ– မြကလေးက မင်းကတော်ကြီးသည် ထူးထူး ခြားခြား စကားအလုံးအပိုနှင့်၊ ပြုံးချိုချို ပြောတဲ့အကဲကို ရိပ်မိသော ကြောင့် သတိတရားနှင့် စကားပြောဆင်ခြင်၊ မျက်နှာထား ပြင်ပြီးလျှင် ယဉ်ယဉ်ကျေးကျေး ဖြည်းဖြည်းသာသာ ပြောဆိုပြန် သည်မှာ–

"မင်းကတော်ကြီးပြောဆိုသည့် ပီယဝါစာ ဓမ္မကထာ တရား၊ မှတ်လောက်တဲ့စကားဖြင့် ဘုရား နှစ်သက်တော်မူသည်ကို ပြုလုပ်ကြံစည်က ယခုဘဝနှိုက် လှပတင့်တယ်သော ဤအတ္တ ဘောကို ချောတယ်လို့ ချီးမွမ်းဖွယ် မရှိ။ ဇာတိကင်းရာ၊ အစပ် လေးဖြာ၊ အလ္လာလေးခုဟု ဆိုအပ်သော သန္တိရဏအကြားက ထွက်နိုင်မှ မဂ်,ဖိုလ်နှင့် နီးနိုင်ပါသည်။"–ဟု ပြောဆိုလေ၏။

mgyoe.com

၁။ ပယင်းပတီး။

mgyoe.com SAMPLE BOOK

ထိုအခါ မင်းကတော်ကြီးက ''လောကီဟုတ်လျှင်လည်း လောကုတ္တရာ၊ ကိလေသာစက်၊ အာသဝမတက်ဘဲ၊ မဂ်အရဟာတ္တ ဖိုလ်၊ ဘယ်သူ့ခြေကန်၍၊ ဘယ်ရန်ကို ဖြိုနိုင်ပမတုံး။ ကိုယ့်ကိုယ် ကိုသာ၊ ကိုယ်ဆရာပ။ ဝိသာခါတို့လည်း၊ သဒ္ဓါပသန္န နိဗ္ဗာန် ရမှာတောင်၊ ရာဂမဆိတ်၊ မြေးရှစ်ကျိပ်နှင့်၊ စိတ်ကကြည်ဖြူ၊ လင်သားတောင် ယူသေးသပ။ ရွယ်တူလှလှ၊ ချမ်းချမ်းသာသာ ကိုးကွယ်ရာကို၊ ကံပါလို့ရတဲ့လျှင်၊ လောကမှာ ပျော်ပျော်၊ မုဆိတ် မှာ စွဲလာတဲ့ ပျားပွဲတော်ကို၊ စားတော်ခေါ်ကောင်းပါရဲ့ မြမြရဲ့''- ဟု ပြောဆိုလေ၏။

မြကလေးလည်း ''မင်းကတော်စကား၊ ပြောလို့သာ ကြားရ၊ နားနှင့်မဆံ့၊ နှလုံးတုန်လို့မို့၊ အလုံးစုံ လန့်ပါရဲ့။ မခန့်ရန့် စကားကို၊ ပယ်ရှားတယ်ဟူ၍ သဘောမထားပါနှင့်။ ယောကျာ်း ဆိုတာ၊ အပိုအမိုက ပေါကြတာမို့၊ အပျို နဂိုချောမှဖြင့်၊ ကြောမယ် လို့ ညာတတ်ပါသည်။ တွယ်တာတဲ့အရေး သားသွီးများ မေးပြန် မှဖြင့်၊ ကလေးတစ်ဖက်၊ ဈေးတစ်ဖက်နှင့်၊ ကွေက်မမြင်၊ ရတဲ့လင် လည်း၊ ဟိုဝင်သည်ထွက်၊ သဘောမကျမှဖြင့်၊ ဒေါသကဆက်ပြီး လျှင်၊ မီးစနက်ယမ်း၊ မှောင်ကိုယ်က ကြီးတတ်တဲ့၊ ခရီးလမ်း၊ ကြမ်းတမ်းယုတ်မာ၊ ကိလေသာလည်း၊ တဏှာမူလ၊ အနိစ္စမျိုး။ သူ့ကံ ကောင်းပေတဲ့၊ ကိုယ့်အကြောင်း ဆိုးမှဖြင့်၊ အကျိုးမရှိ။ ကောင်းလိမ့်နိုးနိုး၊ အထင်ကိုး၍၊ လင်ဆိုးနှင့် ငြိမှဖြင့်၊ အဝီစိရွာ၊ သူကဆွဲတာနှင့်၊ နည်းနည်းတော့ ပါတတ်တာပဲ။ လူရွာရပ်ခွင် လူဖြစ်စင်ကို၊ လင်သောသားသော အဖော်လုပ်၍၊ အရှုပ်ကို မရောပါနှင့်။ သဘောအလျောက်၊ ယောဂါဝစရစိတ်အတိုင်းနှင့်၊

mgyoe.com

SAMPLE BOOK

သြောဒါတနိမိတ်ကသိုဏ်း၊ တစ်ပိုင်းလောက်ပေါက်နိုင်တော့မပ။ မချစ်လောက် မသာယာအပ်တဲ့၊ မမြတ်တဲ့ သမုဒယတဏှာ၊ ဘယ်သူ့ကမှ အမှုမရှာဘဲ၊ ယခုလိုသာ နေချင်ပါသည်။''-ဟု ပြောဆိုလေ၏။

ထိုအခါ ''ဖြစ်ရလေ မိန်းကလေးနှယ်၊ အတွေးကောင်း တောင်း၊ စာရေးထောင်းဘိသကဲ့သို့၊ အကြောင်းအကျိုး ဆိုရိုးလှလှ၊ နေရာနှယ် ကျလိုက်ပါဘိတော့။ ဓမ္မကထာ၊ လင်ပေးစားမယ်လို့၊ သူ့အနားလာကာမှ၊ တရားနာပရိသတ်၊ တို့များကို မှတ်လေရော့ သလား။ ပါးစပ်အဖိုးတန်၊ အဘိဓမ္မာအကောက်စ၊ စကားတွေက၊ ငါ့မောက်ပတ္တမြားတွေ ရုံဘိသကဲ့သို့၊ အင်မတန် ဟုတ်ပါပေတယ်။ သို့ရာတွင်လည်း၊ သာကီဝံသ၊ ဘုရားနှမတော်၊ မယ်ယသော်တို့ တောင်၊ သားတော်ရာဟုလာ နိဗ္ဗာန်ရင်များ၊ ပဋ္ဌိမာဘဝိကသား တို့တောင်၊ ဖွားမြင်တော်မူရပါသေးတယ်။

''မြစ်ကြီးမြစ်ငယ် သမုဒ္ဒရာပင်လယ်တို့သည် ရေမရှိက မတင့်တယ်ပါ။ ရထားတို့မည်သည်မှာလည်း၊ တံခွန်မရှိက မတင့် တယ်ပါ။ ဆံထုံးတို့မည်သည်မှာလည်း သျှောင်မရှိက မတင့်တယ် ဆိုသည့် ဥပမာကဲ့သို့၊ သွီးကညာ အခါမလင့်ကောင်းပါ။ အမေ့သွီးမှာ၊ အပင်ကြီး၍၊ သီးပွင့်ချိန် ရောက်ပါပြီ။ ဆွေကောင်းရင် တစ်စလောင်း၊ မျိုးကောင်းရင် တစ်စလယ်၊ ဘူးကောင်းရင် စင်ခံ၊ လင်ကောင်းမှ စံရသည် ဆိုဘိသို့၊ အလိမ္မာတွေ စုရက်နဲ့၊ သည် တစ်ခုကျမှ ချန်မထားပါနှင့်။ ဘုရားကို စူးရပါစီရဲ့၊ အဖူးနော် အဖူး''-ဟု ပြောဆိုလေ၏။

ထိုအခါ မြကလေးက အောက်မေ့သည်မှာ 'သည်မိန်းမ

myyoe.com

mgyoe.com SAMPLE BOOK

ကြီးသည် လူရိပ်ကိုလည်း မသိ။ မနှစ်သက်သော အနိဋ္ဌာရုံစကား ကို အထပ်ထပ် ပြောသည်။ သူပြောသောစကားကို လက်ခံ၍ ထုချေနေလျှင် စကားသာ ရှည်တော့မည်။ ချုပ်စပြီး လှီးစပြတ် ဆိုသလို တစ်ခါတည်း ပယ်လိုက်မှ တော်တော့မည်။'' ဟု စိတ်က အောက့်မေ့၍ ပြောဆိုသည်မှာ

''မင်းကတော်ကြီးပြောဆိုသော အရာဌာနသည် သုခနှင့် မရောသော၊ အာသဝေါတရားတို့၏ ကြီးပွားရာအကြောင်း ဖြစ်ပါ သည်။ 'လူတို့ဘောင်တွင်၊ အိမ်ထောင်ရာပေး၊ သည်အရေးသည်၊ ဝန်လေးစွာဘိ၊'–ဟူ၍ ပညာရှိတို့ စပ်ဆိုသောကြောင့် 'အိမ်ထောင်' ယူသောသူသာလျှင် ဝန်လေးသည် မဟုတ်။ မင်းကတော်ကြီးတို့လို မိဘဆွေမျိုးတို့မှာလည်း သားသမီးတို့အား အိမ်ထောင်ထိမ်းမြားခြင်း သည် ခက်ခဲနိုင်မှုဖြစ်၍ ဝန်လေးသောဒုက္ခကို မရှာလိုပါ။ 'လင် မရ၍ သေသောမသာ' ဟူ၍လည်း မကြားစဖူးပါ။ 'အရှင်မရှိ အရှင်ရှာ' ဆိုဘိသို့ လင်သားယူတယ်ဆိုလျှင် သူတို့ဝတ်တရား ငါးပါးလုံး ကျေအောင်လုပ်ရလျက် ထမင်းတစ်လုတ်ကိုမျှ ဖြောင့် အောင် မစားရပါ။ သူတို့မျက်နှာ မသာရင်လည်း နေစရာမရှိ၊ တရိရိနှင့်၊ မချိအောင်ပူ။ သူများယူမှာ ကြောင့်လည်း၊ ငြူစူစိတ်က၊ ဘယ်မိန်းမနှင့်မှလည်း စိတ်ကမယုံ။ ကာမဂုဏ်ကြောင့်၊ အလုံးစုံ မွေးယုက်၊ ဗျာပါဒဝိတက်တို့ကလည်း နှိပ်စက်လေလေ၊ အထဲ ကြေ ကြေပြီးလျှင် သေသော်မဖြောင့်၊ တကြောင့်ကြကြ။

''သူဌေးကိုယူတောင်လည်း၊ ဧအပူ မမျှဘဲ၊ ဒုက္ခများ ကြောင်း၊ ကိုယ့်ပေါင်ကို ကိုယ်ထောင်းဘိသကဲ့သို့၊ မကောင်းတဲ့ ကိလေမီး၊ ဖိစီးအောင် အားမပေးပါနှင့်။ မြကလေးသဘော၊ အမေ

mgyoe.com

ရင်းအမှတ်နှင့် ပြတ်ပြတ်ကြီး ပြောလိုက်ပ။ လင်သောသားသော ချောချင်ချော လှချင်လှ၊ သိကြားနှင့် ဆွေမျိုးတော်လို့၊ မိုးပေါ်က ကျသော်လည်း၊ ကျွန်မရှေ့မှာ ဘယ်သူစကားမှ မကြားချင်ပါဘူး။ တစ်ဆိတ်စာလေး တောင်းပန်ပါရစီ မင်းကတော်ကြီး။"-ဟု ပြောဆိုသောအခါ၊

ဒိုင်းစာရေးကတော်ကြီးက "သာဓု သာဓု။ သည်မိန်းက လေးသည် ယဉ်ကျေးဖွယ်ရာ၊ တရားဓမ္မသက်သက်၊ စကားဟ၍ မြွက်ပုံကတော့ ငါ့ထက်တောင် သာပေသေးသည်။ တော်ပါပေရဲ့။ အသိပညာ အလိမ္မာနှင့် မေတ္တာတုံ့ပြန်၊ သည့်လောက်တောင် တောင်းပန်လို့ရှိမှ၊ နက်ဖြန်မှ လာရအုံးတော့မည်။"-ဟု ပြောဆို၍ ပြန်သွားလေ၏။

နက်ဖြန်နံနက်သို့ ရောက်သောအခါ မာရဘင်ဗိုလ် မောင် မောင်ကလေးသည် နန်းတော်မှ အိပ်ဖန်ထွက်[၁]၍ ဒိုင်းစာရေး ကတော်ကြီးအိမ်သို့ ဝင်ရောက်သောအခါ၊ မောင်မောင်ကလေးကို လောကွတ်များစွာ နေရာပေး၍ အေးအေးကလေး ပြောပြသည်မှာ

"လက်ဖက်ကောင်းစားလိုလျှင် ပလောင်နှေးစေ ဆိုတိသို့ အဖိုးတန်ယောက်ျားနှင့် အဖိုးတန်မိန်းမကို ပြောဆိုစေ့စပ်ရခြင်းသည် ယခုမှ အလုပ်ကြီးမှန်း သိသည်။ သို့ရာတွင် မိန်းမဆိုတာ ရုတ်တ ရက်ပြောလာစ ခပ်ခါခါမှတ်လို့ ငြင်းသော်လည်း တစ်ဆိတ်ချင်း ပြောရပါတယ်။ မိန်းမကလေး အပြောအဆိုလည်လွန်းလို့ ကျား ပိန်တွယ် တွယ်ရလိမ့် ထင်ပါရဲ့ မောင်မောင်ကလေးရယ်။"-ဟု ပြောဆိုသောအခါ

---

၁။ မင်း၊ မိဖုရားတို့ အိပ်စက်ရာ စောင့်ရသောတာဝန် ပြီးချိန်။

mgyoe.com

mgyoe.com SAMPLE BOOK

မာရဘင်ဗိုလ်မောင့်မောင်ကလေးက "မွေးသမိခင် ကျေးဇူးရှင် ပြောဆိုသည့်အတိုင်း လိမ္မာရေးခြား စကားချေသည် ဟူ၍ သတင်းစကား ကြားဖူးပါ၏။ ဤကဲ့သို့ လိမ္မာသောကြောင့် ကျွန်တော်လည်း နှစ်သက်စုံမက်ပါသည်။ တစ်ကြိမ်တစ်ခါ ပြောရုံ နှင့် ဟောခနဲ လွယ်လွန်းသောမိန်းမလည်း မမြဲတတ်ပါ။ ဖြစ်ခဲမှ သာ ပျက်ခဲပါသည်။"-ဟု ဆို၍ မောင်မောင်ကလေးက ပြုံးချိုချို နှင့် ပြောဆိုလေ၏။

ထိုအခါ- ဒိုင်းစာရေးကတော်ကြီးက "မောင်မောင်တို့ နှစ်ယောက်သည် လူဖက်သည် မဟုတ်၊ နတ်ဖက်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဟိုမိန်းကလေးကလည်း အလိမ္မာခဲ၊ မောင်မောင်ကလေးကလည်း ပညာခဲ။ အကဲချင်းကလည်း ခပ် တူတူ၊ အသားများကလည်း ခပ်ဖြူဖြူ။ တကယ်များ ကံကူလို့ သဘောတူ ညားရင် သားကလေးက ဘယ့်လောက် ချစ်စရာ ကောင်းမယ် မသိသေး။"-ဟု မင်းကတော်ကြီးက ရယ်မော၍ ပြောဆိုလေ၏။

ထိုအခါ မောင်မောင်ကလေးစိတ်က အောက်မေ့သည်မှာ - 'မုန့်သည်ကဖြင့် ပေးမယ်-မပေးမယ် မသိသေးဘူး ဆိုဘိသို့ အမယ်ကြီးကဖြင့် ရွှေထုံးဘူးမျက်နှာနှင့် ဝမ်းသာအောင် သကာပြ ၍ ပျားရည်နှင့် ဝမ်းချမယ် မသိရသေး။ မြကလေးနှင့် မျက်နှာချင်း ဆိုင်၍ ထိုင်တဲ့လို့များ တစ်ကြိမ်လောက် ပြောရလို့ သဘော ကလေး ဝင်စားတဲ့လျှင် ရွှေထုံးဘူးကို မဆိုထားနှင့်။ ဖလား တစ်လုံးခုတ်၍ နောက်တစ်သုတ် ပေးချင်ပါသေး၏။ ယခုမှာမူကား ပုန်းရည်ကြီးကိုလည်း မမြင်၊ ချဉ်မည်-မချဉ်မည်ကိုလည်း မသိရ။

mgyoe.com

mgyoe.com SAMPLE BOOK

ပြောသံကြားရုံနှင့် ဝမ်းကားလို့ ဝနိုင်ပမလား။ နေရာကျပိပိ။ နေရာကျ စိတ်ကကူး၍ မင်းသားရှူး သားချော့သလို အားလျော့အောင် ကလိပြီးတော့ မချိတရိ အကြံမထုတ်နိုင်မှဖြင့် ဆန်ပြုတ်ရမယ့် အတတ်ထင်ပါရဲ့ကရို့။' ဟု စိတ်က အောက်မေ့ပြီးလျှင် မင်းကတော်ကြီးကို ပြောဆိုသည်မှာ

"မွေးသည့်မိခင်အစစ် ဝမ်းထဲကိုယ်က ဖြစ်ဘိသကဲ့သို့ ချစ်ချစ်ခင်ခင် ကောင်းတာကို မြင်ချင်ပေသော ကျေးဇူးရှင် မင်းကတော်ကြီးခင်ဗျား။ ကျားသနားမှ နွားချမ်းသာရ ဆိုဘိသို့ ကျွန်တော့်မှာ အမေ့လက်ခုပ်ထဲတွင် ရေကဲ့သို့ ဖြစ်ပါသည်။ မြကလေးကို ရမည်ဆိုလျှင် ရွှေ,ငွေကို မဆိုထားပါနှင့်။ အရှင်နှစ်ပါး သနားတော်မူသည့် ဝင်းနှင့် ဆင်,မြင်း ရှိသမျှတဝတည်း ကျုံးပုံ၍ အလုံးစုံ ပေးရပါစီတော့။ တစ်ဆိတ်ကလေး မျက်နှာချင်းဆိုင်၍ ထိုင်ပြီး စကားပြောရအောင် အလောတော်ကလေး ကြံပါအုံး မွေးသည့်မိခင်ငယ်။"-ဟု တောင်းပန်တိုးလျှိုးပြီးလျှင် ရှိခိုးမတတ် ပြောဆိုလေ၏။

ထိုအခါ မင်းကတော်ကြီးက အောက်မေ့သည်မှာ 'ဩော်- အောင်သွယ်တဲ့အတတ် အင်မတန် ကျပ်ပါကလား။ အစပ်အဟပ် လျှာထွက်အောင် ပြောသော်လည်း သူ သဘောမကပ်မှဖြင့် ပါးစပ်က အမြှုပ်ထွက်၍ ကိုယ်အရှက်သာ ရတတ်သည်။ သို့ရာတွင် မြကလေးက မကြိုက်သလောက် ဟောဟောကြီး မပြွက်ဘဲ အထိုက်အလျောက် မနောကမက်ရုံ စေက်စက်ပြော၍ ထားအုံးမှ တော်ချည့်မလေ' ဟု စိတ်ကကြံပြီးလျှင်

"မောင်မောင်ကလေးရဲ့၊ ဘုရားဆုပန်တဲ့ မင်းယောက်ျား

mgyoe.com

mgyoe.com SAMPLE BOOK

ကပဲ။ သနားစဖွယ် အားမငယ်ပါနှင့်။ ထားဝယ်နှင့်မြိတ်၊ ပုဇွန်ဆိတ်သည်၊ ကမ်းရိပ်ခိုကာ၊ ခုန်ကာမြူး၍ ကူးနိုင်ပါသေးသည်။ မင်္ဂလာဆောင်ဖို့အရေး အသပြာငွေတင်၍ ဗေဒင်သာမေးပြီးလျှင် ရက်ရွေးလို့ထားပါတော့ မောင်မောင်ရဲ့"-ဟု ပြောဆိုသောအခါ၊ မောင်မောင်ကလေးသည် ဧမြကြည်လင် ဟဒယနှလုံး ဆီပုံးကြီးပါ ဝင်ဖိသကဲ့သို့ အင်မတန်ချမ်းသာသောကြောင့် ဝမ်းသာအားရ ရှိလေ၏။

ထို့နောက် မင်းကတော်ကြီးက "ကောင်းပြီ။ ယခုနေ့မွန်းတည့်ချိန်ကို သူ့အိမ်သို့ အမေ သွားနှင့်မည်။ စကားစမြည်တည်တည်ပပ သူအလိုရှိသမျှကို အမေက နားထောင်၍ မောင်မောင်ကို စောင့်ပါမည်။ တစ်အောင့်လောက်သာသာ အတော်ကလေး ကြာသောအခါ အိမ်ပေါ်ကိုသာ တက်၍ လိုက်ခဲ့ပေတော့။"-ဟု မှာထားခဲ့ပြီးလျှင် မင်းကတော်ကြီးသည် သုတ်သီးသုတ်ပျာ၊ ခေါင်းကလေးခပ်ခါခါနှင့် ကပျာကယာ သွားနှင့်လေ၏။

မြကလေးအိမ်သို့ ရောက်သောအခါ

"သည်အိမ်က သမီးတို့ရဲ့။ အမေကြီးမှာ စကားပြောတိုင်းတရားဟောတာကို နာချင်လို့ တစ်ခေါက် နှစ်ခေါက် သမီးတို့အိမ်ကို ရောက်ပါသည်။ စိတ်ကောက်၍များ မအော်လိုက်ကြပါနှင့်ကွယ် ရို့။"-ဟု ပြောဆိုလေ၏။

ထိုအခါ မြကလေးက 'သည်မိန်းမကြီးသည် မင်းကတော်စိုးကတော်၊ အတော်ချမ်းသာ၊ ကျေးကျွန်တွေများစွာနှင့် မကြာမကြာ လာတဲ့ကိစ္စကို အကဲကိုသိရအောင် အစ်အုံးမှ တော်မည်။'ဟု အောက်မေ့၍ လောကွတ်ပျူငှာနှင့် "သည်ကိုလာပါ

mgyoe.com

mgyoe.com SAMPLE BOOK

မင်းကတော် ကြီးရဲ့''-ဟု ပျာယီးပျာယာ ကရုဏာနှင့် မေတ္တာ ရှေ့သွား တရားကိုယ်နှင့် ဗြဟ္မစိုရ်ကို ရှေ့ကထားပြီးလျှင် သနား အောင် ပြုလုပ်လေ၏။

ထိုအခါ မင်းကတော်ကြီးက ''သမီး မနေ့က ပြောလိုက် သည့် စကားများသည် သနားစရာ အဆီအသားနှင့် တရားတွေ ပါလွန်း လို့ အိပ်ရာမှာတောင် တစိမ့်စိမ့်စဉ်းစား၍ ဘုရားကိုတောင် ယောင်မိ။ တောင်တောင်မြောက်မြောက် အမေပြောမိသမျှ သဘော က မကောက်လိုက်ပါနှင့်။ နောက်နောက်များကို ဘာညာနှော၍ မပြောလိုပါဘူး။ အပျိုကိုယ်မပျက် သည်တစ်သက်တွင် စိတ်လက် ကြည်လင် နောက်အရေး ထောက်တွေးကာ မြင်သည့်အတိုင်း ပျော်ပျော်ရွှင်ရွှင်နေဖို့ သဘောထားပါ။''-ဟု ပရိယာယ်မာယာ နှော၍ ပြောဆိုသောအခါ၊

မြကလေးက တွေးဆ ဆင်ခြင်ပြန်သည်မှာ 'သည်အမယ် ကြီးသည် တွတ်တီးတွတ်တာ အရင်လာတုန်းကတော့ ထင်ရာ တစ်မျိုး၊ လင်သာလျှင် ခိုကိုးရသတဲ့။ အကျိုးလိုဟန်၊ မိန်းမသား ဟာမို့၊ ယောကျ်ားနှင့် ဆက်ဆံရမတဲ့။ တစ်ဖန်ယနေ့ ဘာများနှင့် တွေ့လေသိ။ မထေ့တထေ့ အပိုအမိုနှင့်၊ အပျိုကိုယ် သာလို့ကောင်း သည်ဟု၊ အကြောင်းမစပ်၊ တစ်ဆိတ်စာမှ လိပ်ပြာမကပ်ဘဲ၊ အနုပ် ဉာဏ်အပေါ်သားနှင့်၊ စကားတစ်မျိုး ဖြစ်၍လာသည်ကို၊ တစ်ဆိတ် စာ သတိပြုအုံးမှ တော်လိမ့်မည် ထင်သည်။' ဟု အောက်မေ့၍ မေးမြန်းသည်မှာ

''မင်းကတော်ကြီးသည် မနေ့ကတော့ လင်သားယူစော ကောင်းသည်ဟု တိုက်တွန်းသည်။ ယခုနေ့ တစ်မျိုးလာ၍ လင်ယူ

mgyoe.com SAMPLE BOOK

တာ ဒုက္ခများသည်ဟု စကားနစ်ခွ၊ တရားကျပုံနှင့် အားရပါးရ ပြောသည်ကို သဘောနိုက် မည်သို့အကြံရှိသည်ဟု ဖွင့်၍ ပြောပါ။ ကျမ စိတ်မဆိုးတတ်ပါ။''-ဟု ပြောဆိုမေးမြန်းသောအခါ မင်းကတော်ကြီးက

''သွီးမြမြရဲ့၊ သူနာလို၍ ကိုယ်အကျိုးရှိသော စကားကို သာ ပြောရသည်။ သူ မနာလို၍ ကိုယ်အကျိုးမရှိသည်ကို မပြော ကောင်းပါ။ မင်းတို့အိမ်ကို ပျင်းလွန်းလို့ အလည်လာပါသည်ကို မင်း မကြိုက်တာကို ပြောမိဆိုမိက အမေ့နိုက်လည်း အကျိုးမရှိ ဘဲ မင်းစိတ်ဆိုးက အကျိုးယုတ်မည် ထင်၍၊ သူမှ မလိုချင်တာကို ကိုယ်ပင်က ဘာပြုလို့ တိုက်တွန်းရသလဲဟု စိတ်ထဲက သတိရ၍ ရှုံးဘက်ကနေပြီးလျှင် အမေ အလိုက်သင့် ပြောရပါသည်။''-ဟု မင်းကတော်ကြီးက ဆိုသောအခါ၊ မြကလေးက-

''မေတ္တာသက်ဝင် ချစ်ခင်တဲ့သဘောနှင့် ပြောဆိုတိုက် တွန်းသည့်အရာကို သူတကာလိုဖြင့် ရှင့်ကျေးဇူး အထူးတင်ကြပါ လိမ့်မည်။ ဆင်ခြင်စဉ်းစား သူငယ်ချင်းအတူတူ လင်အရင်ယူကြတဲ့ အပူသည်မများကို မျက်ဝါးထင်ထင် ကျမကိုယ် မြင်ရ၍ 'လင် မယူဘူး၊ သည်ဘဝတွင်ဖြင့် စိတ်ထဲက မကူးလိုဘူး' ဟု ဆုထူး ပတ္ထနာ ဒွတ္တိသကမ္မဥ္စာန်းနှင့် လမ်းကောင်းကို ရှာပြီးလျှင် ရတနာ သုံးပါးကို ဆည်းကပ်၍ နေရတာ ကောင်းပါတယ် မင်းကတော် ကြီးရယ်''- ဟု ပြောဆိုနေဆဲကို မာရဘင်ဗိုလ် မောင်မောင် ကလေးသည် ဆင်စီး၍ နောက်ပါ မြင်း ၁၀ စီး၊ အဆောင်ကိုင် ၂၀ ကျော်လောက်နှင့် ရုတ်တရက်ရောက်၍ အိမ်ပေါ်သို့ တက် လာလေ၏။

mgyoe.com

ထိုအခါ မြကလေးသည် ထ၍ ပြေးရမှာကလည်း ခက်၊ ထိုင်၍ နေရမှာကလည်း ရှက်၊ နှုတ်ဆက်ရမှာကလည်း ဘာလိုလို။ ရုတ်တရက် ဉာဏ်အိုက်၍ အသည်းဒွဲဖိုပြီးလျှင် မင်းကတော်ကြီးကို လှမ်း၍ မေးငေါ့လိုက်လေ၏။

ထိုအခါ မင်းကတော်ကြီးကလည်း 'တစ်ခါဖြင့် အခွင့်သာပြီ။ ငါနှင့် မသိသည့်လက္ခဏာနှင့် မာယာတွေ လုပ်လို့မို့ နှုတ်ဆက်အုံးမှ တော်တော့မည်။' ဟု စိတ်က အောက်မေ့ပြီးလျှင် မာရဘင်ဗိုလ် မောင်မောင်ကလေးကို မျက်နှာထား ခပ်လုပ်လုပ်နှင့် ရုပ်ဆောင်၍ မေးမြန်းသည်မှာ "ယခု ကြွရောက်တော်မူလာသော မောင်မောင်သည် ဘယ်အရေး ဘယ်ကိစ္စ ရှိတော်မူပါသလဲ။" -ဟု မျက်စိမှိတ်၍ မေးမြန်းလေ၏။

မောင်မောင်ကလေးက 'ငါ့ကို မသိချင် မေးလို့ရှိမှ မသိယောင်လုပ်၍ ပြောဆိုရတော့မည်။'-ဟု စိတ်ကကြံပြီးလျှင် "ကျွန်တော်သည် ကိစ္စများစွာ မရှိပါ။ ယခုနေ့သည် အရှင်နှစ်ပါး ဥပုသ်တော်ယူ၍ အပါးတော်က ထွက်လာခဲ့ပါသည်။ ဘုရားအစ်မကြီးသည် သည်အိမ်ကလား။"-ဟု မေးလေ၏။

'ပြောမည်' ဟု မြကလေးကို ကြည့်လိုက်သောအခါ မျက်နှာထားကြီးသည်ကို မြင်၍ "သည်အိမ်က မဟုတ်ပါ။ ခေတ္တအလည်လာတာပါ မောင်မောင်ရဲ့။"-ဟု ပြောဆိုလေ၏။

မောင်မောင်ကလေးက "သည်အိမ်က အိမ့်ရှင်များသည် ဘယ်ကို သွားကြပါလိမ့်မည်။"-ဟု မေးမြန်းသောအခါ မြကလေးက တိတ်တိတ်ပင် နေလေ၏။ မင်းကတော်ကြီးက

mgyoe.com

mgyoe.com SAMPLE BOOK

"ရှိကြပါရဲ့ မောင်မောင်ရဲ့"-ဟု ပြောဆိုလေ၏။

ထိုအခါ မောင်မောင်ကလေးသည် ပြောစရာစကား အစ ရှာမရ၊ ရွံ့တာကလည်း တစ်ပုံ၊ တုန်တာကလည်း တစ်ချက်၊ ရှက်တာကလည်း တခြား။ ယီးတီးယားတားနှင့် မျက်နှာထား ခက်ပြီးလျှင် မြကလေးကိုသာ တစိမ့်စိမ့်ကြည့်၍ နေလေ၏။

မြကလေးက ကာယိန္ဒြေ မပျက်စေဘဲ စိတ်ထဲက ဆင်ခြင်သည်မှာ 'သည်လူသည် ငါ့ကိုကြိုက်၍ လာတာဖြစ်သည်။ သည်မိန်းမကြီးနှင့်လည်း ဘယ်လို အချိတ်အဆက် ထားကြ သည်လဲ မသိ။ အခါတိုင်း သည်လမ်းကို သွားနေကျ မာရဘင်ဗိုလ် မောင်မောင်ကလေး ဆိုတာ ဖြစ်သည်။ ငါ့မှာ မိဘများလည်း မရှိကြ။ သည်မိန်းမကြီးနှင့်ချည်း ပစ်၍ ထသွားရမှာကလည်း ရိုင်းရာကျမည်ကြောင့် မတော်၊ မခေါ်မပြောဘဲ နှုတ်မှမဆက်လိုက် ရင်လည်း သူရှက်၍ စိတ်ဆိုးမှဖြင့် ရန်ငြိုးကြီး ထားချေတော့မည်။ စကားအရာအဖြာဖြာတွင် 'သုဘာသိတ ပိယဝါစာ' ပညာရှိ ရေး သားတဲ့ စာများတွင် ပါတာမို့ တော်အောင်သာ ပြောဆိုလိုက်ရ တော့မည်။'- ဟု စိတ်က အောက်မေ့လေ၏။

ထိုနောက်- မောင်မောင်ကလေးကလည်း 'သည်မိန်းမ သည် အလှအချော အချိုးစနစ်ကို ၉ နှစ်လောက် ပြောသော်လည်း မောကြရုံသာ။ သူ့မျက်နှာကိုက ပုဏ္ဏမာနေ့၊ ဖိုးလမင်းကြီး ပြည့် ဘိသကဲ့သို့ စေ့စေ့စပ်စပ်ကြည့်မှ သာ၍ လှပါပေသည်။' ဟု စိတ်က ချီးမွမ်းပြီးလျှင်၊ 'စကား မပြောပြောအောင် တောင်တောင် မြောက်မြောက် မေးမြန်းရတော့မည်။' ဟု တစ်ဖန်ကြံပြီးလျှင်၊

mgyoe.com

mgyoe.com
SAMPLE BOOK

“ဟိုအပေါ်နိုက် တင်၍ထားသော စာများသည် ဘာစာများ ဖြစ်ပါလိမ့်မည်”-ဟု မေးလေ၏။

မင်းကတော်က “မသိပါ မောင်မောင်ရဲ့။ သူကြည့်တဲ့စာတွေ ထင်ပါရဲ့။”-ဟု ပြောဆိုလေ၏။

ထိုအခါ မြကလေးက ‘ဆိုရေးရှိက ဆိုအပ်စွ’ဟု စိတ်ကအောက်မေ့ပြီးလျှင်၊ “ဟိုအပေါ်၌ တင်၍ထားသော စာများသည် အဘိဓမ္မာပဋ္ဌာန်းနှင့် သင်္ဂြိုဟ်ကဏ္ဍကို ဖြစ်ပါသည်။”-ဟု ပြောဆိုလေ၏။

ထိုအခါ မောင်မောင်ကလေးက “သတင်းကြားတုန်းကပင် ‘စာများကို လေ့ကျက်သည်’ ဟူ၍ ပြောကြားသောစကားကိုကြားရတာ တယ်မယုံ။ ယခုမှ ကိုယ်တွေ့ကြုံရ၍ အလုံးစုံ သိရပေသည်။ ဤလောကနိုက် နေ့ညစွာ ပြည့်စုံပါသော်လည်း ပညာမဲ့က ကဲ့ရဲ့စရာ ဖြစ်တော့သည်။ ယခုမှာ အဆင်းအင်္ဂါ လက္ခဏာနှင့်၊ ပညာလည်း တတ်သောကြောင့် ‘မိန်းမမြတ်’ ခေါ်သင့်ပါပေသည်။”-ဟု ပြောဆိုပြီးလျှင် ချီးမွမ်းထောပနာ၍ နေလေ၏။

ထိုအခါ မြကလေးက ‘ဤသူသည် ကြာရှည်နေက ကဲ့ရဲ့တော့မည်။ မြန်မြန်ပြန်အောင် ဘယ်လို ကြံစည်ရပါမည်လဲ။’ ဟု စိတ်ထဲက ကြံပြီးလျှင်၊ “ယခုကြွတော်မူလာသည်မှာ အတော်ကလေး ကြာပြီမို့ သောင်းညာတော် မူရာမည်။”-ဟု ပြောဆိုလေ၏။

ထိုအခါ မောင်မောင်ကလေးက ‘ငါ့ကို သွားစေချင်ပြီထင်သည်။ မေတ္တာသက်ဝင် ချစ်ခင်စုံမက်မည့် လက္ခဏာလည်း

mgyoe.com

mgyoe.com SAMPLE BOOK

မရ။ မာန အတော်ကြီးပုံ ရောက်သည်။ ဖွတ်အတင်းပြောမှ တော်မည်။'-ဟု စိတ်က ကြံ၍ "မသောင်းညာတတ်သေးပါ။ အပါးတော်မှာ ကြာကြာခစားနေကျဖြစ်၍ အကျင့်ပါနေပြီ။"-ဟု ဆိုပြီးလျှင် မိဘများကို မေးမြန်းလေ၏။

"အဖမှာ ဦးရာချို။ ကျောင်းကို ခနသွားပါသည်။ အမိအိုမှာ အနိစ္စ ရောက်ပါပြီ။"-ဟု ပြောဆိုလေ၏။

မောင်မောင်ကလေးက

"မမြကလေးမျက်နှာကို ၁ ခါ-၂ ခါမြင်ရ၍ ဘဝင်ကမှာ မဓ၊ မချိတရိ လေးပြီးလျှင် ဆွေးတာနှင့် သေလုပြီ။ ကျက်သရေပပ လှချင်တိုင်းလှကြတဲ့ စန္ဒရအကျော် သနားစရာ အသားကလေး ဝါပါတဲ့၊ ကညာမော်တို့က၊ မင်းကတော်များ မလုပ်ချင်ကြပေဘူးလား မိမိရယ်။"-ဟု ပြောဆိုသောအခါ၊

မြကလေးက ရှေ့ရေးနောက်ဖြစ်၊ သနစ်ကုန်တင်၊ ပြတ်ပြတ်ပြောပြီး၊ စောစောက နှင်းလိုသောကြောင့်

"မာရဘင်ဗိုလ် ဘုန်းမိုမိုရဲ့။ အစ်ကိုအစစ်ကဲ့သို့ မြင်သည့်နေ့ကပင် ယနေ့တိုင် ချစ်ပါရဲ့။ သည့်ခေတ်ဘဝ ရှင့်နှမ ဝိပါကဓမ္မအိမ်ထောင်မှုကိုဖြင့် မပြုဖြစ်ပါဘု။ ကရုဏာရှေ့ထား နှမလိုသနားတာဖြင့် စကားတိုတိုရိုင်း ဘယ်လို့လဲ မဆိုပါနှင့်။ အစ်ကိုယ့်ကို ကျွမ မြောက်ကျွန်းသူ ဆံပင်စိတ်လို့မို့ တစ်စိတ်ကမှ သဘောမထားပါဘု။ ချစ်ကြိုက်တဲ့သဘောကို နှုတ်ဖျားက မဟပါနှင့်။ စိတ်ချ၍ ပြန်တော်မူပါတော့ မောင်မောင်။"-ဟု ပြောဆိုလေ၏။

ထိုအခါ မောင်မောင်ကလေးသည် ရေဝေးတဲ့ကြာပဒုမ္မာ

mgyoe.com

mgyoe.com SAMPLE BOOK

ကဲ့သို့ မျက်နှာညှိုးငယ် 'မကြိုက်ဘူး' ဆိုတဲ့ ဝိတက်ကြောင့် စိတ်စက်များငယ်ပြီးလျှင် မျက်ရည်မတတ် ဖြစ်ရှာလေ၏။

ထိုအခါ မောင်မောင်ကလေးက ပြောဆိုပြန်သည်မှာ "ဖြစ်ရလေ နှမရယ်။ တွယ်တွယ်တာတာ မင်းမှုတွေ ရှုပ်ရက်နှင့် ကျုပ်ကိုယ်တိုင်လာသည်ကို အားနာမဖက် ခေါက်ခေါက်ရက်ရက် တစ်ခါတည်း ရှက်ကရော့လို့ ဆိုချက်ကနယ် နစ်နာ။ မေတ္တာနှီးနှော တစ်ဆိတ်ကလေးပြောရုံနှင့် မတောဝံ့အောင်ဟာ၊ အနှင်ကြီး မနှင်ပါနှင့်၊ သေပါရော့ အချစ်၊ ဘုရားကိုယ် စူးရပါစီရဲ့၊ အရှုံးတောင် ဖြစ်လုပြီ။ ပစ်စလက်ခတ် ဖိမ့်ဖပ်ဖပ်နှင့်၊ ပါးစပ်ကြွားကြွား၊ အပုံကြီး မနပ်တဲ့ အရပ်သားများကဲ့သို့၊ စကားဝင့်ဝါ မတတ်ပါဘူး။ ရတနာ စိန်ကျောက် ဆင်နှင့်တင်၍၊ ယနေ့ပင် ရောက်ပါစိမ့်မည်။ တစ်ဆိတ်လောက်ညှာတာ အရှက်မပြောဘဲ ကျုပ် မျက်ရည်ဝဲလှ၊ နည်းနည်းလောက် ကြိုက်စမ်းပါတော့ မိမိရယ်။"-ဟု ပြောဆိုလေ၏။

ထိုအခါ မြကလေးက အောက်မေ့သည်မှာ 'ဩော်-ဒုက္ခ ဒုက္ခ၊ မင်းကုသနှင့်ပပဝတီ၊ သည်ထုံးကို မှီပြီးလျှင်၊ ပါရမီထင်ရှား၊ ကုသိုလ်သာတဲ့ ငါ့ယောက်ျားကပဲဟု၊ ထောက်ထားမညှာ၊ နှမချင်းမစာဘဲ၊ ဘဲ့နှယ်ဟာတွေ လာပြီး ပြောနေပါလိမ့်မတုံး။' ဟု ဆင်ခြင်စဉ်းစားပြီးလျှင်၊

"သည်းခံပါ မောင်မောင်ရယ်။ ကျမတို့အရွယ် အပုံကြီးလည်း ငယ်ပါသေးသည်။ ချစ်တယ် ခင်တယ်၊ ကြင်မယ်စကား၊ ကျမနားမှာ၊ ကြားချင်တဲ့သဘော အိပ်မက်ထဲမှာတောင်၊ နည်းနည်းမှ မစော့ပါဘူး။ စိန်သောရွှေသော၊ ဆင်နှင့်တောင် မပြောနှင့်၊ သဘော်ခုနစ်ရာ၊ အပြည့်ကြီးပါစေကာမူ၊ မြူလွှာခြမ်းလောက်၊

mgyoe.com SAMPLE BOOK

ကြိုက်ချင်တဲ့ လင်စိတ်သည်၊ တစ်ဆိတ်ကမှ မပေါက်ပါဘု။ နောက်ထပ်၍တစ်ခါ၊ ရှင့်အစား သူများ ရက်ကရော့၊ မဆက်ချင်ပါနှင့်တော့။ ဘာဝနာယှဉ်းလျက်၊ ပုတီးစိတ် ပျက်လှ ဆင်းသက်တော်မူပါတော့ မောင်မောင်ရယ်။ ကျမအားကိုလည်း သနားထောက်ညှာ ကရုဏာနှင့် မေတ္တာသက်တော်မူရင်း ရှိသည်အတိုင်း မျက်တော်မမူပါနှင့်။"- ဟု ဆင်းရဲသားအသနားခံနှင့် တောင်းပန်တိုးလျှိုး၍ ရှိခိုးဦးတင် ပြောဆိုလိုက်လေ၏။

ထိုအခါ မောင်မောင်ကလေးသည် 'ယခုနေ့သည် စက်လေးလုံး အခါကလည်း မဟုတ်၊ လကလည်း လဆုတ်၊ ရက်ကလည်း ရက်ပုပ်မို့ အဟုတ် မဟုတ်ပါကလား။ ဖယောင်းချက်မျက်နှာပွင့်ကလေးများနှင့် နောက်များမှ အနုဆေး[၁] ဆောင်ပြီးလျှင် မရရအောင် ကြံမည်'ဟု စိတ်ကတင်း၍ ချက်ချင်း ထပြီးလျှင်၊ "ဘုရားအစ်မကြီး အိပ်ပျော်၍ နေလေသလား။ ကျွန်တော် သွားဖို့ အခွင့်ကို ပေးပါ။"-ဟု ပြောဆို၍ ဆင်းသွားလေ၏။

အိမ်သို့ရောက်သောအခါ စိတ်လက်မချမ်းမသာ များစွာ ဒုက္ခဖြစ်၍ အဆောင်ကိုင်များကို တိုင်ပင်သည်မှာ "မင်းတို့ အဆောင်ကိုင်များသည် မြကလေးကို ငါနှင့်ညားအောင် ကြံဆောင်နိုင်တဲ့ လူများရှိလျှင် ဆုလာဘ်သပ္ပကာ များစွာ ငါပေးမည်။" ဟု ပြောဆိုလေ၏။

ထိုအခါ- 'ချက်ကြီး'ဆိုသော ရှုးပေါပေါအဆောင်ကိုင် တစ်ယောက်က "ဘုရားကျွန်တော် ကြံစည်ပါမည်၊ မစိုးရိမ်ပါနှင့်"-ဟု ပြောဆို၍၊

---
၁။ မျက်နှာပွင့်ဆေး။ ပီယဆေး။

mgyoe.com

mgyoe.com SAMPLE BOOK

အနောက်ဘက် စစ်ကိုင်းတောင်ကြားသို့ သွားပြီးလျှင် ရှားပင်နှိုက် ပျံဝဲ၍နေကြသော ပိုးစိမ်းဖြူ တစ်ပြည်သားလောက်ကို ဖမ်းပြီးလျှင် ရှားရွက်များနှင့်တကွ အိတ်ထောင်မှာ ထည့်ယူခဲ့၍၊ မိမိကိုယ်ကို မကိုင်မှုအထွတ်သရဖူ၊ ပွဲထဲကနတ်နှင့် တူအောင် ဝတ်စားပြီးသောအခါ ညောင်စေးတွေနှင့်၊ အနံ့အပြား သုတ်လိမ်း ပြီးလျှင် ပိုးစိမ်းဖြူများကို ခြေနှင်ငြိရုံ တစ်ကိုယ်လုံး ပြည့်အောင် ကပ်၍၊ ညအခါ မြကလေးတို့အဖေ ဦးရာချို ဝတ်ကျောင်းပြန် လာသည့် အချိန်တွင် အမှတ်မဲ့ နောက်လိုက်၍ ပြောဆိုသည်မှာ

"ဟေ့ မောင်ရာချို။ မာရဘင်ဗိုလ်မောင်မောင်ကလေး နှင့် မြကလေးနှင့် မြန်မြန်ပေးစားရမည်။ ငါသိကြား အမိန့်တော်ကို ဖီဆန်၍ အမြန်မပေးစားလျှင် နတ်ကျားစာ ကျွေးမည်။"-ဟု ပြောသောအခါ ဦးရာချိုသည် မှောင်မိုက်ထဲတွင် ရဲရဲပြိုးပြောင် ပိုးစိမ်းဖြူအရောင်ကို 'မိုးခေါင်မြင့်ဖျား နတ်သိကြားပါကလား' ဟု ဝပ်တွားပြီးသောအခါ "ကောင်းလှပါပေ့ဘုရား။ နက်ဖြန်ခါ နံနက်၊ နေဝန်းတက်လျှင်၊ ဆက်ဆက်ကြီး ပေးထိမ်းမြားပါမည်။" - ဟု အာမခံလိုက်လေ၏။

ထိုအခါ ချက်ကြီးက "ကောင်းပြီ။ စကားမှန်ပါစီ မောင် ရာချို။ နေဝံ့တော့ ငါ့ကို လူဆိုးမဆိုပါနှင့်။ ရွှေကြက်ယက်ဘုရား စူးရစီရဲ့။ နင့်သမီးရော၊ နတ်ကျားစာ ကျွေးမည်။"-ဟု ပြောဆိုပြီး လျှင် သစ်ပင်ကြီးပေါ်သို့ တက်သွား၍၊ အပေါ်သို့ ရောက်သော အခါ အဝတ်ကိုချွတ်၍ ပုဆိုးနှင့် ထုပ်လိုက်သောကြောင့် ရုတ်တ ရက် ချက်ကြီးတန်ခိုးနှင့် ပိုးစိမ်းဖြူအရောင် ကွယ်ပျောက်လေ၏။

ဦးရာချိုလည်း မျက်စိကလည်း မှုန်မွှားမွှား၊ အင်မတန်

mgyoe.com SAMPLE BOOK

လည်း ရိုးသားသောကြောင့် သိကြားဧကန် အမှန်ဟုတ်သည်ဟု စိတ်နှိုက်စွဲလမ်း၍ ကြက်သီးတဖျန်းဖျန်း ထပြီးလျှင် အိမ်သို့ ပျာယီးပျာယာသွား၍ ရောက်မှန်းမသိ ရောက်သွားလေ၏။

အိမ်ပေါ်သို့ ရောက်သောအခါ သမီးမြကလေးကို ခေါ်၍ "အဖေ့စကားကို နားထောင်ပါ။ အဖေ့မှာ သိကြားနှင့် တွေ့ခဲ့သည်။ သိကြားက ပြောဆိုသည်မှာ 'နက်ဖြန်ခါကို မာရဘင်ဗိုလ် မောင်မောင်ကလေးနှင့် မြကလေးနှင့် ပေးစားရမည်။ မပေးစားလျှင် နတ်ကျားစာ ကျွေးမည်'ဟု ပြောဆို၍ သစ်ပင်ကြီးပေါ်သို့ တက်သွားပြီးလျှင်၊ သစ်ပင်ကြီးအပေါ်သို့ ရောက်သောအခါ ကွယ်ပျောက်၍ သွားသည်။"- ဟု ဆိုလျှင်၊

မြကလေးက "အဖေ့စကားသည် သိကြားဆို၍ ယုံစရာယုတ္တာယုတ္တိ မရှိပါ။ အကယ် သိကြားမှန်ပါလျှင် ကျားစာကျွေးမည် မဟုတ်။ ဝရဇိန်မိုးကြိုးစက်နှင့် တစ်ချက်တည်း ပစ်ချလိုက်မည် ဟူ၍သာ ဆိုရန်ရှိပါသည်။ အဖေ မယုံပါနှင့်။ လူပြောင်လူလှောင်များ အဖေ့ကို သရော်တာ ဖြစ်ပါလိမ့်မည်။"-ဟု ပြောဆိုသောအခါ၊

"သမီးမယုံလျှင် အဖေပါ ကျားကိုက်၍ သေရပါလိမ့်မည်။ သိကြားကိုမှ အစစ်၊ ရေမရောပါ။ အဖေလည်း အာမခံလိုက်ရပါသည်။ အကယ်၍ အဖေ့စကား ပျက်ကွက်လျှင် ရွှေကြက်ယက်ဘုရား စူးရပါစီရဲ့။ နတ်ကျားစာကျွေးမည်ဟု သိကြားမင်း ကျိန်၍ သွားပါသည်။ နက်ဖြန်ခါ အဖေ အတင်း ပေးစားရပါလိမ့်မည်။" -ဟု ပြောဆိုလေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


ထိုအခါ မြကလေးက "မွေးသဖခင်ကျေးဇူးရှင်။ အထင်မမှားပါနှင့်။ သိကြားတို့မည်သည်မှာ များစွာသော ပရိသတ်အခြံအရံနှင့်မို့ လူ့ထံသို့ လာရောက်ခဲပါသည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာလောင်းတို့၏ ကိစ္စကြီးငယ်တို့ကို ရွက်ဆောင်ရန် လူပြည်သို့ လာစေကာမူ သမ္မာကြီးလွန်းသောသူတို့မှသာ တွေ့မြင်ရပါသည်။ လင်နှင့်မယား ပေးထိမ်းမြားဖို့ကိုလည်း သိကြား၏အလုပ်ပုတ်ပြတ် ကံတရိုက် ခံထားသည်မဟုတ်ပါ။ လတ္တာဘာဖူးစာနတ်တို့နှင့်သာ ဆိုင်ပါသည်။ အဖေ တွေ့ကဲ့တဲ့ သိကြားမှာ လက်ဟောင်း မဟုတ်၊ သိကြားလက်သစ် ဖြစ်ပါလိမ့်မည်။ 'ရွှေကြက်ယက်ဘုရား စူးရစီရဲ့' ဟု ကျိန်ကတည်းက သိကြား မဟုတ်။ လူသရော်တို့ ပျော်ချင်၍ လုပ်ပါလိမ့်မည်။ စိတ်ရှုပ်စရာ သူတကာများကြားမှဖြင့် တဟားဟား ရယ်ပါလိမ့်မည်။ တိတ်တိတ်သာနေပါ အဖေရယ်။"-ဟု ပြောဆိုသောကြောင့် သိကြားကိုကြောက်ရက်နှင့်ပင် တိတ်တိတ်နေရလေ၏။

နံနက်လင်းသောအခါ အရပ်ထဲနှိုက် နေကြသော လူကြီးလူငယ်တို့ကိုခေါ်၍ သိကြားကို မိအောင်ဖမ်းရန် တိတ်တဆိတ်စည်းဝေးတိုင်ပင်ကြပြီးလျှင် ညစဉ်လိုပင် သတိဝိရိယနှင့်တကွချောင်းမြောင်းစောင့်ရှောက် နေထိုင်ကြ၏။

၃ ရက်လောက် ရှိသောအခါ ချက်ကြီးက အောက်မေ့ပြန်သည်မှာ 'မြကလေးအဖေ ဦးရာချို့ကို ငါ တစ်နေ့က သိကြားလုပ်၍ မြကလေးနှင့် မာရဘင်ဗိုလ် မောင်မောင်ကလေးနှင့် ပေးစားရမည်ဟု အမိန့်ထုတ်လိုက်သည်ကို ယုံကြည်သောကြောင့် အာမခံ၍သွားသည်။ ယခု သုံးရက်ရှိပြီ။ တစ်စုံတစ်ရာမှ ပေးစားလို့ကြောင်း

mgyoe.com

mgyoe.com SAMPLE BOOK

သတင်းကောင်း မကြားရ။ ငါပြောသည့်အတိုင်း နတ်ကျား၏ ပုံသဏ္ဍာန် တူအောင်လုပ်၍ ဝတ်ကျောင်းက ပြန်ချိန်ကျသောအခါ ကိုက်မည်သဏ္ဍာန် ပြုလုပ်ရအုံးတော့မည်။ ထိုအခါ အာမခံ၍ တောင်းပန်သောအခါမှ ငါ ပြန်ခဲ့မည်။ ကျားကို မျက်ဝါးထင်ထင် တွေ့မြင်တဲ့နောက်မှ ကြောက်တာနှင့်ဇကန် မြကလေးကို ပေး ထိမ်းမြားရတော့မည်'ဟု မုက္ခ စိတ်ကအကြံဖြစ်၍၊

ထိုညအခါ ကျားခေါင်းကို ဆောင်းပြီးလျှင်၊ ကျားရေကို တစ်ကိုယ်လုံး ချုပ်ကာ ဝတ်၍ အမြီးကြီးတန်းလန်းနှင့် ဦးရာချို ဝတ်တက်က မပြန်ခင် သစ်ပင်တစ်ခုနှိုက် တက်၍ ပုန်းအောင်းနေလေ၏။

ဝတ်တက်ဆင်းချိန် ကျသောအခါ ဦးရာချို ပြန်တဲ့လမ်း တစ်လျှောက်နှိုက် အရပ်သားတို့သည် ချောင်းမြောင်းနေကြသည် အတွင်း ချက်ကြီးသည် သစ်ပင်ပေါ်က ဆင်း၍ အတင်းကိုက်မည် သဏ္ဍာန် ပြုလုပ်သောအခါ၊ ဦးရာချိုသည် ဂူးဝါးဂူးဝါးနှင့် "သိကြားမင်း ကယ်တော်မူပါ။ ယနေ့ညတာ ချမ်းသာပေးတော်မူ ပါမည်။"- ဟု ဟစ်အော်၍ တောင်းပန်သည်ကို အရပ်သားတို့ ချောင်းမြောင်းနေရာက မြင်သောကြောင့် 'ကျားအစစ်ပင် ဖြစ်လေ ရော့သလား'ဟု စဉ်းစား၍ ရုတ်တရက် အနားသို့မကပ်ဝံ့ကြ။ ဦးရာချို တောင်းပန်၍ ကျားသည် ပြန်သွားသောအခါ အမှတ်မဲ့ နောက်က မနီးမဝေး လိုက်၍ ချောင်းမြောင်းကြည့်ကြ၏။

ဦးရာချိုနှင့် ဝေးသောအခါ လေးဖက်ထောက်ရာမှ မတ်တတ်ရပ်၍ ကျားခေါင်းကို ချွတ်လိုက်သောအခါ၊ လူမှန်းသိ၍ အတင်းလိုက်ကြပြီးလျှင် ချက်ကြီးကို ဖမ်းကြလေ၏။ မိသောအခါ

mgyoe.com

mgyoe.com SAMPLE BOOK

မြကလေးအိမ်သို့ ဆွဲခေါ်ခဲ့၍ ဦးရာချူကို ပြ၏။

အရပ်သားတို့သည် ''သိကြားလုပ်တာ မင်း ဘယ်လို လုပ်သလဲ။''-ဟု စစ်ဆေးမေးမြန်းကြ၏။

''ကျွန်တော်သည် ပိုးစိမ်းဖြူများကို ညောင်စေးနှင့်ကပ်၍ သိကြား လုပ်မိပါသည်။''-ဟု ဆိုသောအခါ အားလုံး ရယ်မော ပြောဆိုကြ၍၊ ချက်ကြီးကို ထောင်း၍ လွှတ်မည်ပြုရာ မြကလေး က တောင်းပန်သောကြောင့် ချမ်းသာစွာ လွှတ်လိုက်သည်နှင့် ချက်ကြီးသည် ကျားခေါင်းကြီးကို လက်ကကိုင်၍ မိမိအိမ်သို့ ပြန်သွားလေ၏။

ထိုအကြောင်းကို မာရဘင်ဗိုလ်မောင်မောင်ကလေး ကြားသိသောအခါ ''ငါ့အရှက်ကို ခွဲရမည်လား။''-ဟု ချက်ကြီး အထောင်းခံရလေ၏။

●

mgyoe.com

mgyoe.com SAMPLE BOOK

# ၂

## ကွမ်းရေတော်အားကိုးရာ ဗေဒင်ဆရာပုဏ္ဏား

'ကွမ်းရေတော် မောင်မောင်သုံ' ဆိုသူသည် ဗဟုသုတ အရာ ပညာအမြော်အမြင်နှင့် ပြည့်စုံ၏။ အိမ်တော်ပါဖြစ်သည် အတိုင်း သဒ္ဒါတော်မူသောကြောင့် လက်သုံးတော်ကြီးများ[၁]ကဲ့သို့ ဘုန်းကြီး၏။ မည်သည့်တင်လျှာမဆို မောင်မောင်သုံရှေ့လက်တော် ရောက် ဆက်သရလျှင်၊ ရာထူး အလိုရှိ၍ တင်လျှောက်သောသူတို့ သည် ချက်ချင်း အမိန့်တော်မှတ်၏။ ထို့ကြောင့်- ကွမ်းရည်တော် ပင် ဖြစ်လင့်ကစား များသော လာဘ်လာဘသည် ဖြိုးဖြိုးဝေအောင် ရလေသောကြောင့် အင်မတန် ကျော်စောထင်ရှား၏။

တစ်နေ့သန္တိက် မောင်မောင်သုံသည် ဇေတဝန်ဆောင်နှိုက် လက်သုံးတော်ကလေးအများနှင့် စကားပြောဆိုနေကြသောအခါ မာရာဘင်ဗိုလ် အဆောင်ကိုင်ချက်ကြီးသည် မြကလေးအဖ ဦးရာချို့

---

၁။ ဘုရင်အပါးစေစားခံရသူ။

mgyoe.com

mgyoe.com SAMPLE BOOK

အား သိကြားတစ်လှည့်၊ ကျားတစ်လှည့်လုပ်၍ ခြောက်လှန့်ကြောင်းများကို ပြောဆိုရယ်မောဍ် နေကြသောအခါ၊ အချို့သောသူတို့က 'မြကလေးကဲ့သို့ လှသောမိန်းမသည် အဝမြို့မှာ မရှိ' ဟု ပြောဆိုကြလေ၏။ ထိုအခါ ကွမ်းရေတော် မောင်မောင်သုံသည် မမြင်ရသော်လည်း ရင်ထဲကလှိုက်၊ အပြောနှင့်ကြိုက်လှ၍ စိတ်နှိုက် 'ငါယူတော့မည်။ အခြားသူ ကြံစည်၍ မရနိုင်သော်လည်း ငါကဲ့သို့ ကုသိုလ်ကံ စန်းပွင့်သော သူကို ငြင်းဆန်နိုင်ဖို့မရှိ' ဟု စိတ်က အောက်မေ့၍ နန်းတော်မှ ထွက်သောအခါ မြင်းစီး၍ နောက်ပါ အဆောင်ကိုင်များနှင့် မြကလေးအိမ်တွင်းသို့ ရဲရဲဝံ့ဝံ့ တက်သွားလေ၏။

ထိုအခါ မြကလေးက စာကြည့်ရာက ထ၍၊ အိမ်သည်တို့ဝတ်တရားရှိသည်အတိုင်း နေရာထိုင်ခင်း ပေးပြီး၍ စာကို အနည်းငယ် ဆက်လက်ကြည့်ပြီးလျှင်၊ ဖယောင်းနှင့် မှတ်၍[၁] ကပ်ထားလိုက်လေ၏။

မြကလေးစိတ်က အောက်မေ့သည်မှာ 'သြော် ကြုံရကြုံရ သည်ဘဝ၊ လှတဲ့အတွက် တိုးလို့တောင် ခက်ပါသေးကလား။ ရှက်စရာ ကြောက်စရာ နန်းတွင်းက မင်းတွေစိုးတွေ လာလှချည့်။ ကာမသဝ၊ သြောဃလေးဖြာ၊ သံသရာပြင်ကျယ်၊ ပင်လယ်ခရီး ဤအဝိဇ္ဇာတည်း ဟူသော မှောင်ကြီးနှိုက် မီးတစ်ဆယ့်တစ် ဖြစ်ချင်တိုင်းဖြစ်ပြီးလျှင်၊ ချစ်ချင်ချစ် ကြိုက်ချင်ကြိုက်၊ ကိလေသာတဏှာ၏နောက်သို့ လိုက်ပြီးလျှင် စရိုက်ရှိရာ အလိုလိုက်၍ အမိုက်ကို ရှာကြ၊ ပညာကင်းတဲ့လူ အင်မတန် များပါကလား။' – ဟု စဉ်းစား

၁။ ဖတ်လက်စ စာရောက်သည့်နေရာကို ပျားဖယောင်းလေးကစ်ကာ မှတ်ထားခြင်း။

mgyoe.com

mgyoe.com SAMPLE BOOK

အောက်မေ့ပြီးလျှင် စကားမပြောဘဲ တိတ်တိတ် ရှိသေစွာ နေထိုင်လေ၏။

ထိုအခါ ကွမ်းရေတော် မောင်မောင်သုံးက အောက်မေ့သည်မှာ 'ယခုဘဝမှာ လူဖြစ်လို့လာကတည်းက ကညာဏ္ဏတ္တိယ အလှအယဉ် အဝမြို့အတွင်းအပြင်မှာ မြင်ခဲ့ဖူးလှပါပေါ့။ သည်မိန်းမလို အလှအယဉ် ကံရှိလို့ မြင်ရ၊ ရှင်ဘုရင်ကြိုက် အဖိုးထိုက်ကလေးပါကလ။ ဆိုက်ဆိုက်မြိုက်မြိုက် ကြိုက်တော့မလို သူကများ ဆိုကဲ့လျှင် ဘုရားကို စူးရပါစေ့။ အထူးမင်္ဂလာ လေမွှေ့ရာကြီးများနှင့် ကြေးဝါခုတင် ဇာခြင်ထောင်ပန်းလှမှာ ဆန်းလှအောင် ဆင်ပြီးလျှင် ရောင်ရှင်ကုလားကာ ကတ္တီပါမှိုအုံး ကိုယ်လုံးပေါ်မှန် အဖိုးတန်ကြီးများနှင့် အင်မတန် ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်၍ မင်္ဂလာဆောင်လိုက်မည်' ဟု စိတ်က ကြံမိလေ၏။ သို့ရာတွင် 'ငါက မစဘဲကို မိန်းမတို့ဣန္ဒြေ ပျက်ပြီး နှုတ်ဆက်ပုံ မရဘူး။' -ဟု စိတ်က အောက်မေ့၍ ပြောဆိုသည်မှာ

"စာပေပိဋကတ် နှံ့စပ်လိမ္မာ အထုံပါတဲ့ ပညာပါရမီ ရှေးဆုတောင်းကိုက အကြောင်းကံ ညီပေရဲ့။ မဟောသီရုပ် ရွှေစင်ကို လုပ်ဘိသကဲ့သို့ အဟုတ်အဟတ်သူမို့လို့ လှတတ်ပေငဲ့။ အရပ်ရပ်မှာ ဤကဲ့သို့ နမူနာကို ရှာတယ်လို့ မရှိပါ။ သို့တွက်တာကြောင့် လာတဲ့လူများ သည်လူစားကို အားပါးနာနာ မောင်ဖားချင်းစာပြီးလျှင် တစ်ဆိတ်စာလောက် မေတ္တာသက်ဝင် ချစ်ခင်တော်မူကောင်းပါရဲ့ မိမိငဲ့။"-ဟု ပြောဆိုလေ၏။

ထိုအခါ မြကလေးက တွေးတောဆင်ခြင်သည်မှာ 'စကားအရာ သုဘာသိတ ပိယဝါစာ လိမ္မာချိုဧ ဝတ်ကျေရုံ

mgyoe.com

mgyoe.com
SAMPLE BOOK

မမေးခဲ့လျှင် ရှေ့ရေးနောက်ဖြစ် မှန်းစရာ ဖြစ်တတ်သည်။ မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူ ဆိုဘိသို့ ဝတ်ကျေဝတ်ကုန် နှုတ်ဆက်လိုက်မှ မြန်မြန်သွားမည်။'-ဟု စိတ်က အောက်မေ့၍ ပြန်ပြောသည်မှာ

"ကျွန်မသည် ရှေးရှေးသောဘဝက ဒါနဆောက်ဦး သန့်ရှင်းစွာ လှူခဲ့ဖူးလို့ထင်။ လူသူမြင်လျှင် ချစ်ခင်သနား မာန်မာန မတက်သောကြောင့် စုံမက်သူ များပါ၏။ အားနာစရာ မောင်မောင်လာသည်ကိုလည်း ဓမ္မတာသဘာဝ မေတ္တာသက်ဝင် တကယ်တမ်း ချစ်ခင်မယ်လို့ ကိုယ်တိုင်ပင် ကြွလာတော်မူတာကိုလည်း အားရပါးရ စိတ်ထဲက မပါသော်လည်း အလွန်တရာပင် အားကိုးမိပါ၏။ သို့ရာတွင် ကျမတို့မှာ ကာမာဝစရ ဘုံဘဝတွင် အနိစ္စလက္ခဏာ ဖြစ်ရင်ပျက်မည် သည်တွက်တာကြောင့် တဏှာအစ ဒွေးမူလကို ခိဏာသဝရဟန္တာ အရိယာတို့ လွန်စွာစက်ဆုပ် ချီးမွမ်းဖွယ် မဟုတ်သောကြောင့် ဘူတရုပ်ဥပါဒါန်တို့ဖြင့် ပြုလုပ်တည်နေအပ်သော ဓာတ်လေးပါး၏ သဘောကို မနော‌ထင်ထင် ကွင်းကွင်းကြီး မြင်လွန်းလို့ မဂ္ဂင်ရောက်ရာ သံသရာ၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်၊ ကောင်းမြတ်သော သူတော်ကောင်းတို့၏အကြိုက်ကို လိုက်ရအောင် သဘောထားပြီးလျှင် သူတစ်ပါးတို့နှင့် ပိုက်ဖြားယုယ၊ သိန္ဓေပဟနှင့်၊ ပေမတဏှာ၊ ဃရာဝါသ၊ သမ္ဘာဒကို၊ ဒုက္ခမရှာဘဲ၊ ကိုယ်ဘာသာ နေတော့မည်ဟု စိတ်နှလုံးကို၊ တုံးတုံးချပြီးဖြစ်ပါ၍၊ မောင်မောင်နှင့် စကားပြောသော်လည်း သဘောအလျောက် စိတ်နေခံကိုယ်ပါ မဖြစ်မယ့်တူတူဟာမို့ မေတ္တာကိုလည်း ဖြဟ္မစိုရ်အရာထား၍၊ နှမအရင်းကဲ့သို့ သဘောထားပြီး

mgyoe.com SAMPLE BOOK

လျှင် ကြွသွားတော်မူဖို့အကြောင်းကိုသာ တောင်းပန်ပါသည် ကျေးဇူးရှင်။"

ဤကဲ့သို့ ပြောဆိုသောအခါ

"မဟုတ်ပေါင်ပါ ခင်ခင်ရဲ့၊ ဘဝများစွာ သံသရာကိုယ်က၊ 'မာတာပိတု ဥပဋ္ဌာနံ ပုတ္တဒါရဿ သင်္ဂဟော။' မင်္ဂလာတရားတော်တွင် ထင်ရှားစွာ ဟောရက်သားကပဲ ရောနှောဆက်ဆံ၊ ကြံဖြစ်အောင် ကြံဘာဝ။ ကံသာအမိ ကံသာအဖ၊ မယ်ဘဒ္ဒတို့လည်း ဗြဟ္မာပြည်ရွာ အမြင့်ကလာသူမို့၊ ကိလေသာမှောင် ဥမင်ချောင်ကို သေအောင်ပင် ကြောက်။ တရားလမ်းပေါက်သော်လည်း အလျောက်ချစ်ခင် ဝိပ္ပလိလုင်နှင့်ပင် မဂ္ဂင်ပြည်ဦး အတူတူပင် ကူးကြသမို့၊ အထူးမေတ္တာ စေတနာနှင့် ပါရမီအတူ ရေစက်ကူ၍ ပါရဂူငြိမ်း တဖြည်းဖြည်းလှမ်းကြတာပ။ စိမ့်စမ်းကြီးရာ ဝက်ဘာမှာလည်း ကဏှာ၊ဇာလီ တင်ပွေ့ချီလျက် မဒ္ဒီလောင်းမှန် မင်းဝေဿန်တို့သည် နိဗ္ဗာန်တံခါးဝ နီးနီးကလေးကျမှ တောင်အာသဝစက် သူ့နယ်က မထွက်ခင်မို့၊ ဝိတက်ဗျာပါ ဤအရာနှင့် များစွာကင်းကြသည် မဟုတ်ပါ။ လောကီလူ့ရွာ ယခုအခါမှာလည်း မဝါမကြွား မဝံ့စားပါဘူး။ မင်းနားစိုးရောက် အတင်အလျှောက် ကိုယ်ထင်တိုင်း ပေါက်တုန်းမို့ ထောက်ထောက်ညာညာ အဖိုးတန်လူပါတကားဟု အားပါးကလေး နာထိုက်ပါတယ်။ ကရုဏာနှင့်မေတ္တာသဘော၊ ဉာဏ်ပညာပေါရက်မို့ သဘောမျက်မြင် မောင်မောင့်စိတ်ထဲ ဘယ့်လောက်များ စွဲတယ်လို့ အသည်းကို ထွင်ပြီးလျှင် ယူငင်လို့ ပြချင်လှတယ်။ တကယ်အသစ် လူပျိုကြီးအစစ်မို့ ချစ်တဲ့သူ ပန်တော်ဦးပါပဲ သည်ခေတ်တွင် စိတ်တော်ကကူးပြီး

mgyoe.com

mgyoe.com SAMPLE BOOK

လျှင် ဆွတ်ခူးတော်မူရန် သင့်ပါပြီ။''-ဟု ယုယုယယ ပြုံးမျက်စနှင့် မြမြကို ကြည့်၍ ပြောဆိုလေ၏။

ထိုအခါ မြကလေးက ''အသိပညာ အလိမ္မာနှင့် တော်ပါပေရဲ့။ ကိုယ်နှင့်ပင် မတည့်ကတဲ ဖွဲ့ဖွဲ့နွဲ့နွဲ့ လှည့်လှည့်ပတ်ပတ် ပျော့ပျောင်းသာယာ အလိမ္မာနှင့် ယဉ်ကျေးစွာ ပြောတတ်ပေရဲ့ မောင်မောင်။ သို့သော်လည်း သုတ္တကထာ နိပါတ်လာတာနှင့် ဘိဓမ္မာတခြား စျာန်မဂ်ဖိုလ်ရေး အာရုံလုပ်၍ သရုပ်နှင့်မေးကြတော့ အဝေးသား။ တရားအချုပ် ကိလေသာနှာ တဏှာထုတ်ရမတဲ့။ ရာဇုတ္တမာ သိဒ္ဓတ္ထမင်းသား သားမယားကို မျက်ဝါးထင်ထင် အပြစ်မြင်၍ ချစ်ခင်တဲ့သဘော မခွာနိုင်စောခဲ့လျှင် တော်ထွက်ဖို့ စကား မောင်ဆန်ကို ကြားနိုင်ပမလား။ ဘုရားပဲစင်စစ် ဘဒ္ဒကပ် ဤကမ္ဘာတွင် ရှည်အကြာဖြစ်လို့မို့ ဓမ္မရာဇ်မှန်ကူ သယမ္ဘူက ဒွတ္တိံသနှင့် ကာယကထာ အသုဘဒေသနာကို ထင်ရှားစွာ ဟောခဲ့သောကြောင့်၊ သဘောကျကျ ကိလေသာနှင့် တဏှာပ လွယ်မှ နိဗ္ဗိန္ဒဉာဏ် မဂ်ဖိုလ်ကို ဆန်နိုင်လိမ့်မည်ဟု အဓိဋ္ဌာန်နှင့် တဖြည်းဖြည်း ဧကျောင့်တော့မည်ဟု အထင့်ကရကိုယ် ကောင်းရာကို ခိုပြီးလျှင် အလိုလိုဤရုပ်ကို စက်ဆုပ်၍ နေပါသည်။ ကုသိုလ်အဆက် ဉာဏ်နှင့်ဖက်၍ နှစ်သက်ပျော်ရွှင် ဘာဝနာနှိုက် သဒ္ဒါဝင်တုန်းကို ပြစ်တင်စရာ ဝိပါက်ကြီးပါပ။ မောင်မောင်လာ၍ မနှောင့်ယှက်ပါနှင့်။ ဆင်းသက်ကြွတော်မူဖို့ သင့်ပါပြီ။ စိတ်မရှိတော်မူပါနှင့် မောင်မောင်ရဲ့။''-ဟု ပြောဆိုလိုက်လေ၏။

ထိုအခါ ကွမ်းရေတော်မောင်မောင်သုံ့က 'အလို- ဘုရားတရား သူ့စကားနှယ် ကြားရချက်အလုံးစုံ နှလုံးသား တုန်လိုက်ပါ

mgyoe.com

mgyoe.com
SAMPLE BOOK

ဘိတော့။ ဂုဏ်နှင့်ဒြပ် ကျင့်ဝတ်အများ တရားနှင့်ကပ်ပြီးလျှင် ပညတ်ကိုမထင်၊ ပရမတ်နှင့်သာ ယှဉ်ပြီးတော့ မဂ္ဂင်ကိုလင့် စကား မြင့်လှလို့ ရခွင့်အရေး ဟိုလေမွှေ့ရာ ဖဲကုလားကာကြီးများနှင့် တကတ်ကွာ၊ ဝယ်ဖို့ ဝေးလှချည်ရဲ့ မောင်မောင်သုံးရယ်' ဟု စိတ်ထဲက အောက်မေ့ပြီးမှ၊ 'ဟယ် ယောကျ်ားကပဲ၊ ပါပြုလို့ လွဲရမတုံး။ စွဲစွဲမြဲမြဲ ခဲမတဲ့အံကြိတ် လူတို့စိတ်လည်း မျောက်စိတ် ပမာ၊ ဝါလေးဆယ်နီး ဆတော်ကြီးတို့တောင် ကျောင်းကြီးကို ခွာပြီးလျှင် သိက္ခာကိုချ မယ်သီလနှင့် မနုဿဘောင် အိမ်ရာ တောင် ထောင်ကြသေးပ။ မရှောင်ချင်တဲ့နေ့ ပုထုဇဉ်နိမိတ် တစ်ခါခါ ချိပ်မိလို့ စိတ်လည်တော့ တွေ့လိမ့်မပ။ သိမ်မွေ့လှစွာ ဘာဝနာနှင့် ပညာကဲမောက် သဒ္ဓါစိတ်ပေါက်တုန်းကို ခေါက် ခေါက်ရက်ရက် ငါမဖျက်ပါဘူး။ ငါ့လက်က လွတ်နိုင်ရိုးလား' ဟု အောက်မေ့ပြီးလျှင်၊

"ကောင်းလှပါပြီ။ မျက်စိမျက်နှာမှတ်၍ မောင်ကြီးအရင်း ကဲ့သို့ သဘောထားတော်မူပါ။"-ဟု ပြောဆိုပြီးလျှင်၊ ကွမ်းရည် တော်မောင်မောင်သုံးသည် တစ်ခါတည်းဆင်း၍ မြင်းပေါ်သို့ တက်ပြီးလျှင် အိမ်သို့ ပြန်ရှာလေ၏။

လမ်းတွင် 'ဝဏ္ဏ' ဆိုသော ဗေဒင်ဆရာပုဏ္ဏားကြီးကို တွေ့၍ အိမ်သို့ ခေါ်သွားလေ၏။

အိမ်သို့ ရောက်သောအခါ ဇာတာကိုပြ၍ ဆေးကြော မေးမြန်းလေ၏။ ဆရာဝဏ္ဏကလည်း "ကိုယ်တော့်ဇာတာသည် ရတနာပုံကိုလည်း တိုက်ပါသည်။ စားနဝင်းကလည်း လာဘအိမ် တွင် ရောက်နေပါသည်။ အာယုစန်းလည်း အာရီအိမ် ရောက်သော့်

mgyoe.com

mgyoe.com
SAMPLE BOOK

လည်း ဥပါဒ်အိမ်မှာ ဥပါဒ်ကြိုက်သောကြောင့် မျက်နှာပွင့်လန်းဘုန်းတန်းကြီးမည်။"-ဟု ဟောပြောသောအခါ၊

"ဆရာဟောသည့်အတိုင်း မှန်ပါပေပြီ။ သို့ရာတွင် မြကလေးကို ကျွန်တော် လိုချင်သည်။ ရပါဦးမည်လော။"-ဟု မေးမြန်းသောအခါ၊ ဆရာဝဏ္ဏကလည်း "ရဖို့ကိန်းလည်း ကြုံပါသည်။" ဟု ဆိုလျှင်၊

"ဆရာကြီးဟောသည်အတိုင်း ရလျှင် ဆုလာဘ်များစွာ ပေးပါမည်။"-ဟု ပြောဆိုလေ၏။

ဆရာဝဏ္ဏကလည်း "ကိုယ်တော်ပြောသည့်အတိုင်း မှန်ပါစေ။ မြကလေးအဖေကို ဘုရားကျွန်တော် သွား၍ ဗေဒင်ဟောရလျှင် စိတ်ရောကိုယ်ရော ပါပါလိမ့်မည်။ ဇသော နေပါ။"-ဟု ပြောဆိုလေ၏။

မောင်မောင်သုံးက "ဆရာကြီး ဘယ်လိုနည်းနှင့်ပဲကြံကြံ ကျုပ်ရလျှင် ဆုပေးပါမည်။ စိတ်ချပါ။"-ဟု ပြောဆိုလိုက်၍ ဆရာကြီး ဆင်းသွားပြီးလျှင်၊

ဦးရာချိုတို့အိမ်သို့ ရှေ့က သိကျွမ်းဖူးသည်အတိုင်း ဦးရာချိုကို မေးမြန်း၍ တက်သွားလေ၏။

ဦးရာချိုကလည်း ဆရာဝဏ္ဏကိုမြင်လျှင် ဝါသနာပါရင်းရှိသည်ဖြစ်၍၊ ပျာယီးပျာယာ နေရာကထ၍ ခရီးဦးကြို ပြုလုပ်ပြီးလျှင်၊ ဦးရာချိုဇာတာနှင့် သမီးမြကလေးဇာတာကို ထုတ်၍ မေးမြန်းလေ၏။

mgyoe.com

ဆရာဝဏ္ဏကလည်း တွက်ချက်ကြည့်ရှုပြီးလျှင် ဝမ်း

mgyoe.com SAMPLE BOOK

မြောက်ဝမ်းသာ စိတ်ရောကိုယ်ပါနှင့် ဟောပြောသည်မှာ "ခင်ဗျား ဇာတာသည် ချမ်းသာကိန်း ရောက်ပြီ။ နောက် ၁ ရက်-၂ ရက် အတွင်းက ဖုတ်သွင်းရထား ဆိုက်သောကိန်းနှင့် တွေ့နေပြီ။ အခြေ အရံ တိုးမယ့်ဆဲဆဲကို လွဲဖယ်၍ မပစ်နှင့်တော့။ မြန်မြန်သာ လက်ခံပေတော့။"-ဟု ဟောပြောလေ၏။

ထိုအခါ ဦးရာချို့က ဝမ်းမြောက်ဝမ်းသာနှင့် မြကလေး ကို ခေါ်၍ ပြန်ပြောလေ၏။ ထိုနောက်- ဆရာဝဏ္ဏက မြကလေး ဇာတာကို ကောက်ပီး မြှောက်ကာပင့်ကာ ဟောပြောပြီးလျှင် "၄င်းဇာတာရှင်သည် ယနေ့နက်ဖြန် မင်းကတော်ကြီး ဖြစ်ဖို့ကိန်း ရောက်နေသည်။ စုတ်လည်း အလွန်အားကြီးသည်။ ၄င်းစုတ်လည်း စုတ်ကောင်းပင် ဖြစ်သည်။ မငြင်းပယ်ရ။ အကယ်၍ ထိုစုတ်ကို လက်မခံလျှင် ဥပါဒ်အား ကြီး၍ သေကိန်းပျောက်ကိန်း မြင် သည်။"-ဟု ဟောပြောသောအခါ၊

ဦးရာချို့သည် "ဟုတ်ပါရဲ့ သွီးရယ်။ အဖေ စိုးရိမ်လှချည် ရဲ့။ ယခုနေ့ ပြောဆိုလာသော လူကလေးသည် လှကလှသနှင့်။ သင့်ကိုပဲ ယူလိုက်ပါတော့။"-ဟု ပြောဆိုတိုက်တွန်းလေ၏။

ဆရာဝဏ္ဏသည် 'နေရာကျ၍ ဆုရတော့မည်' ဟု ဝမ်း မြောက်ဝမ်းသာ စိတ်ထဲက ဖြစ်ပြီးလျှင် ၄င်းအချက်များကိုသာ ထပ်ခါထပ်ခါ ဟော၏။

မြကလေးက တွေးတောဆင်ခြင်သည်မှာ 'သည်ဝဏ္ဏ သည် စကားအပြောအဟော အင်မတန် လောကြီးသည်။ လင်ယူဖို့ အကြောင်းကိုသာ ထပ်ခါထပ်ခါဟောသောကြောင့် ဉာဏ်နီနှော၍

mgyoe.com

mgyoe.com SAMPLE BOOK

ပယောဂမလွတ်သော ဗေဒင်နှင့် တူသည်။ 'ဗေဒင်'ဆိုသောအရာသည်လည်း ဘုရားဟောကျမ်းဂန် မဟုတ်။ ပညာရှိသူတော်ကောင်းတို့ တရားမှာလည်း 'ဗာဟီရဆိုး၊ ကြိုးကြိုးစားစား၊ သင်မည်ထား၍၊ နားမှု မတင်လိုကြောင်းများ'နှင့် စတုဓမ္မသာရ¹တွင် စပ်ဆိုသည်ဖြစ်သောကြောင့် ဗေဒင်ဟူသော အရာသည် ဗာဟီရစကားသာဖြစ်၍ အမှန် မယူထိုက်။'-ဟု အောက်မေ့ပြီးလျှင်၊ ပုဏ္ဏားဆရာကြီးကို အားနာ၍ တိတ်တိတ်သာ နေလေ၏။

ထို့နောက်- ပုဏ္ဏားဆရာကြီးသည် စိတ်အလိုကို သိလို၍ ထပ်ခါထပ်ခါ ဟောသောအခါ မြကလေးသည် နားလေး²လှသောကြောင့် မြန်မြန်သွားစေခြင်းငှာ "ဆရာကြီး။ အဘမေးလို့သာ နားထောင်နေရပါသည်။ ဗေဒင်စကားကို ကျွမ အယူမရှိပါ။ မြတ်စွာဘုရား ဟောတော်မူသော ဒေသနာတော်အရ အဇ္ဈေဝ သုဝေဝတဲ့။ သေချိန်ကျလျှင် သေရပါစေ၊ ချမ်းသာချိန်ကျမှသာ ချမ်းသာပါစေတော့။ လင်သားယူဖို့ကို ကျွမ စိတ်မကူးပါ။ နေသာပူနေရော။ ဆရာကြီး သွားစရာရှိတဲ့လမ်းကို မြန်မြန်သာ သွားပေတော့။"-ဟု ပြောဆို မောင်းနှင်လိုက်သောကြောင့် ပုဏ္ဏားဆရာကြီး ဆင်းသက်ခဲ့လေ၏။

●

---

၁။ 'ကိုးခန်းပျို့'-ဟုလည်း အသိများသည်။
၂။ နားလေး = နားကလောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ၃
## မြို့ဝန်မင်းအိမ် ပြာချမည့် အင်းဖယောင်းတိုင်

မြို့ဝန်ဦးပေါက်တူးသည် အိမ်တော်ပါ[၁]ဖြစ်၍ အင်မတန် ဘုန်းကြီး၏။ မြို့သူမြို့သားတို့သည် အင်မတန် ကြောက်ကြ၏။ ရက်ရောကြမ်းကြုတ်သည်ဖြစ်၍ လူ၏အသက်ကို ပရွက်ဆိတ်လောက်သာ မှတ်၏။

တစ်နေ့သန့်က် မြို့ဝန်မင်း၏ အဆောင်ကိုင် လက်ဝှေးသတ်သမားများတို့သည် မြကလေးအကြောင်းကို ပြောဆို၍ နေကြသည်ကို မြို့ဝန်ဦးပေါက်တူးသည် ကြား၍၊ 'မမြကလေးသည် အင်မတန် လူပြောများသည် ငါသွား၍ လှည့်ဦးမည်။' ဟု စိတ်ကကြံပြီးလျှင် ဆင်စီး၍ မြကလေးအိမ်သို့ သွားလေ၏။

ရောက်သောအခါ ရုတ်တရက် တက်သွားသည်နှင့် မြကလေးကို အခန့်သင့် တွေ့လေ၏။ မြကလေးသည် မြို့ဝန်ကို

၁။ မင်း၊ မိဖုရားမဖြစ်မီကတည်းက အမှုထမ်းခဲ့သူလူရင်း။

mgyoe.com

mgyoe.com SAMPLE BOOK

မြင်သော် အလွန်ထိတ်လန့် ကြောက်ရွံ့သော်လည်း ဣန္ဒြေမပျက် ကြောက်ရွံ့မှန်းမသိစေဘဲ နေရာထိုင်ခင်းပေး၍ ကွမ်း၊ ဆေး၊ လက်ဖက် တည်ပြီးလျှင်၊ ''ကိစ္စအထူး ရှိတော်မူလို့ ကြွတော်မူလာသလား။''ဟု မေးမြန်းလေ၏။

ထိုအခါ မြို့ဝန်သည် ပျော့ပျောင်းစွာမပြောတတ်၊ ခပ်ဆတ်ဆတ် ပြောလေ့ရှိသည်အတိုင်း၊ ''လူပျိုလှည့်လာသောသူကို ကိစ္စမေး၍ ခွမကျဘူးလား။ မင်းနာမည်သည် ကျော်လွန်းလို့ လာပါသည်။ မြို့ဝန်ကတော် လုပ်ပေတော့။''-ဟု ပြောဆိုလေ၏။

ထိုအခါ မြကလေးသည် 'မြို့ဝန်ဆိုတာ ဆိုးမှသာ ခန့်ထားတာ များသည်။ မြို့ဝန်သည် အင်မတန်ဆိုးသည်ဟု ပြောဆိုကြသည်။ တရားသဖြင့် ပြောတယ်လို့ ရမည်လည်း မဟုတ်။ ပြင်းပြင်းထန်ထန် ပြောလိုက်လျှင် သူ အမှုရှာမည် မုချဖြစ်သည်။ ခက်ပါဘိတော့။ လင် မယူပြန်လျှင်လည်း တစ်ဒုက္ခ၊ လင်ယူပြန်လျှင်လည်း တစ်ဒုက္ခ။ မိန်းမဖြစ်ရခြင်းသည် မကောင်းလေစွ။ မလှပြန်လျှင်လည်း 'ဣတ္ထိ- မိန်းမတို့၏ ဓနံ- ဥစ္စာကား ဝဏ္ဏ- အဆင်းလည်း' ဟူ၍ ဆိုတယ်။ အကျည်းတန်လျှင်လည်း စကားတံ[၁] ထွက်သည်။ အကျည်းတန်လျှင်လည်း မှန်ကြိုက်သည်ဟု ဆိုကြတယ်။ မလှရင်လည်း အခက်၊ လှပြန်လျှင်လည်း အခက်မို့ စိတ်စက်ညစ်ပါဘိတော့တယ်။ ယခုလာတဲ့ မြို့ဝန်မင်း ဆင်းလွယ်အောင် ဘယ်လိုကြံရပမည်။'- ဟု စိတ်ကအောက်မေ့၍ ဝတ်ကျေဝတ်ကုံ ပြောဆိုသည်မှာ

---

၁။ စကားတံ = ပြောစရာဖြစ်။ 'စကားတံရှည်' ကို လေကြောရှည်သည့်သဘော ဆိုကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မြို့ဝန်မင်း။ ကျမကို မြို့ဝန်ကတော် လုပ်စေလိုသည်မှာ ဝမ်းမြောက်ဝမ်းသာ ရှိလှပါပြီ။ မြို့ဝန်ကတော်များဖြစ်လျှင် ဆင်စီးရရဲ့လား။" -ဟု မေးမြန်းလေ၏။

ထိုအခါ မြို့ဝန်သည် 'ရတော့မည်' ဟု အင်မတန်ဝမ်းသာ၍ စိတ်ပျော့ပျောင်းလေ၏။

"ဖြစ်ရလေ မြကလေးရဲ့။ ဆင်စီးရုံတွင် ကပါရိုးလား။ ပွဲတက်မယားကြီး[၁]မှန်တဲ့နောက်ကို ဝေါတောင် စီးရပါလိမ့်မည်။" -ဟု ပြောဆိုသောအခါ၊

"ကျမက ဆင်းရဲသား။ ရှင်က မြို့ဝန်မင်း ဖြစ်ပါပေတယ်။ သို့သော်လည်း ရှင့်စကားကို ကျမ နားထောင်ပါမည်။ ကျမစကားကိုလည်း ရှင် နားထောင်ပါ။"-ဟု ပြောဆို ဖျောင်းဖျလေ၏။

ထိုအခါ မြို့ဝန်က "ကောင်းလှပါပြီ။ မြကလေးစကားကို နားထောင်ပါမည်။ ပြောသာပြောပါတော့။" ဆိုသောအခါ၊ မြကလေးက "မြို့ဝန်အရာက တစ်ခုခုအရာကို ပြောင်းပါ။ ကျမ အမှန်ယူပါမည်။ ယခုလည်း ကျမ အသက် ၁၈ နှစ်သို့ ဝင်ပြီဖြစ်၍ နှစ်စုံထဲသို့ ကျနေပါသေးသည်။ ၁၉ နှစ် ပြည့်သောအခါ ရှင် တစ်ခေါက်လောက် လာခဲ့ပါတော့။"-ဟု မချစ်မကြိုက်သော်လည်း တော်အောင် ပြောဆိုလိုက်လေ၏။

မြို့ဝန်မင်းသည် ဝမ်းမြောက်ဝမ်းသာနှင့် 'ငါ ကောန်ရတော့မည်' ဟု အောက်မေ့၍ ပြန်သွားလေ၏။

---

၁။ ပွဲတက်မယားကြီး = မင်းပွဲစိုးပွဲဝင် လူမြင်လူသိခံ တရားဝင်ဇနီး။

mgyoe.com

ထိုအကြောင်းကို အိမ်က မြို့ဝန်ကတော်ကြီး ကြားသိသောအခါ တစ်စုံတစ်ရာမှလည်း မပြောဝံ့။ မင်းကတော်ကြီး စိတ်ထဲ၌ 'မြို့ဝန်မင်း ဘယ်ကို သွားသော်လည်း မြကလေးအိမ်မှာသာ နေသည်' ဟု အောက်မေ့ပြီးလျှင် မစားနိုင်မသောက်နိုင်နှင့် အိပ်၍ မပျော်နိုင်။ ကျွန်မများကိုသာ ကြိမ်းမောင်း၍ လင်တရှူးကြီးဖြစ်လျက် လူလာတိုင်း လင်အကြောင်းကိုသာ ပြောဆိုနေလေ၏။ တစ်မြို့လုံးလည်၍ လက်ဖွဲ့အင်းအိုင်တို့ဖြင့် အနုဆေးလုပ်ပြီးလျှင် တော်လျော်အောင်အသက်မွေးသော 'ဆရာပွတ်စူး' ဆိုသူ တစ်ယောက်သည် မြို့ဝန်ကတော်ကြီးအကြောင်းကို သတင်းစကားကြား၍၊ မြို့ဝန်ကတော်ထံ ထွက်ဝင်သွားနိုင်သော မိမိတုတ်ထံ သွား၍ ကပ်လေ၏။

“မိမိတုတ်ကျေးဇူးကိုလည်း သိပါမည်။ မြို့ဝန်ကတော်ကို ဆေးဝါးလက်ဖွဲ့ ပေးရအောင် ကြံစည်ပါ။”–ဟု ပြောဆိုလေ၏။

မိမိတုတ်ကလည်း “ကောင်းလှပါပြီ ဆရာ။ ကျမသွားတိုင်း သူ့လင်နှင့် မြကလေးနှင့် ကြိုက်သည်စကားကိုသာ ပြောပါသည်။ မြကလေးကို ရမည် မဆိုထားနှင့်၊ အနားမှ ကြာရှည်ထိုင်နိုင်မည် မဟုတ်။ သို့သော်လည်း သူက မင်းကတော်မို့ ကျမတို့မှာ နားငြီးလျက်နှင့်ပင် သူ့စကားတွေကို နားထောင်နေရပါသည်။ ဆရာက မြကလေးထက် မြို့ဝန်ကတော်ကို ပို၍ချစ်အောင် မြကလေးအိမ်နှိုက် နေသောအခါ မြို့ဝန်မင်း မနေနိုင်အောင် မြန်မြန်လာတဲ့ ဆေးဝါးလက်ဖွဲ့များကို တတ်နိုင်သည်ဟု ပြောပါ။ ဆုလာဘ်ရသောအခါ ကျမက ၃ ပုံ ၁ ပုံ ယူလိမ့်မည်။”–ဟု ပြောဆိုလေ၏။

ဆရာပွတ်စူးက "ရသာရပါစေ။ ၃ ပုံ ၁ ပုံ ပေးပါမည်။"-ဟု ဝန်ခံသောအခါ၊ မိမိတုတ်သည် မြို့ဝန်ကတော်အိမ်သို့ ပျာယီးပျာယာသွား၍ ပြောလေ၏။

မြို့ဝန်ကတော်ကြီးကလည်း ဝမ်းမြောက်ဝမ်းသာနှင့် "ခေါ်သာခေါ်ခဲ့ပါ။"-ဟု ပြောဆို၍ ဆရာပွတ်စူးကို မင်းကတော်ကြီးထံ ခေါ်သွားလေ၏။

မင်းကတော်ကြီးကလည်း ကြေးငွေအများပေး၍ အနုဆေးများကို တောင်းပြီးသည်နောက် ဆရာပွတ်စူးသည် မြို့ဝန်မင်းပုဆိုးစုတ်ကို တောင်း၍ အိမ်သို့ပြန်ပြီးလျှင် ဆေးဖယောင်းတိုင်လုပ်လေ၏။

၎င်းဆေးဖယောင်းတိုင်ကို မင်းကတော်ကြီးသို့ ပေးပြီးလျှင်၊ "မြို့ဝန်မင်းသည် ညအိပ်ညနေသွား၍ မလာလျှင် ၎င်းဆေးဖယောင်းတိုင်ကိုသာ ထွန်းပါ။ လာပါလိမ့်မည်။"-ဟု ပြောဆိုမှာထားခဲ့ပြီးလျှင်၊ မိမိတုတ်တို့အိမ်နိုက် ရသမျှငွေများကို ၃ ပုံပုံ၍ ၁ ပုံကို မိမိတုတ်ကို ပေးရလေ၏။ ဆရာပွတ်စူးလည်း ဝမ်းမြောက်ဝမ်းသာနှင့် အိမ်သို့ ပြန်သွားလေ၏။

တစ်နေ့သနိုက်၊ မြို့ဝန်မင်းဦးပေါက်တူးသည် ထားပြလူဆိုးများသောကြောင့် မြို့စာရေး, ထောင်သချီ[၁]တို့နှင့် တစ်ညလုံးလှည့်လည်၍ ကင်းဝတ်လှည့်လည်သောအခါ မြို့ဝန်ကတော်ကြီးသည် လင်မလာ၍ များစွာဒုက္ခဖြစ်သည်နှင့်၊ 'တန်တော့ ကေန္တမြကလေးအိမ်နိုက် အိပ်၍နေပြီ။ ငါ့ဆရာပေးတဲ့ ဆေးဖယောင်း

၁။ ထောင်အမှုထမ်း။ 'ထောင်စချီ' ကို 'စ' နှင့် 'သ' လွဲသုံးလေ့ရှိသည့် အရပ်စကားသံဖြင့် ရေးထားခြင်း။

mgyoe.com

mgyoe.com SAMPLE BOOK


တိုင်ကြီးကို ထွန်းမှ တော်တော့မည်။ ဆေးဖယောင်းတိုင်ကြီးကို ထွန်းသောအခါ မြို့ဝန်မင်းများ ပြန်လာလျှင် အခန်းတံခါးကို ငါ ထ၍မဖွင့်ရအောင် အသာစေ့၍ ထားမည်။'ဟု အောက်မေ့၍ တံခါးကို အသာစေ့ပြီးလျှင် မိမိအခန်းထဲ ဆေးဖယောင်းတိုင်ကြီး ထွန်းလေ၏။

ထို့နောက်– ညဉ့်နက်၍လည်း မြို့ဝန်မင်း မလာနိုင်သောကြောင့် 'မီးအရှိန်ရလျှင် လာလိမ့်မည်'ဟု မင်းကတော်ကြီးသည် အိပ်ပျော်၍ သွားလေ၏။ ထို့နောက်– များမကြာ ဆေးဖယောင်းတိုင်ကြီးသည် ကြွက်ချင်းလိုက်သောကြောင့် တိုက်မိ၍လဲပြီးလျှင် ရိုင်နကာထားသော ဝါးထရံကို မီးစွဲ၍ တစ်ခါတည်း အရှိန်နှင့် တကွ မီးတောက် အလွန်ကြီးလေ၏။

မင်းကတော်ကြီးသည် မီးပူမှ နိုးသောကြောင့် ရုတ်တရက် ထွက်ပြေးသည်နှင့် အသက်ဘေး ချမ်းသာရာ ရလေ၏။

အချို့သော ကျွန်မများတို့သည် အလန့်တကြားနိုးကြ၍ ဟာစ်အော်ခုန်ပေါက်သည်နှင့် တစ်အိမ်လုံးနိုး၍ ဆင်းပြေးကြရသောကြောင့် အသက်ဘေးမှ ချမ်းသာကြလေ၏။

မြို့ဝန်မင်းသည် မီးလောင်သည်ကို အဝေးက မြင်သောအခါ 'အိမ်နှင့်နီးမည် ထင်သည်' ဟု မြေပြင်နိုက် ခြေကျင်၍ ပြေး၍ လာခဲ့ကြသောအခါ၊ လင်းလည်းလင်းခါနီး မီးလည်း ငြိမ်းသောကြောင့် အဝေးက ဖြည်းဖြည်းပင်လာရာ အိမ်နားသို့ ရောက်သောအခါမှ 'မြို့ဝန်မင်းအိမ်က တစ်အိမ်တည်း ကွက်၍ လောင်သည်' ဟု သတင်းစကား ကြားရသည်အတိုင်း အမှန်ဖြစ်နေလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

မင်းကတော်ကြီးမှာ အိမ်နှင့် ဥစ္စာပစ္စည်းကို တယ်၍ မနှမြော။ ဆရာပွတ်စူးပေးထားသော အနုဆေးနှင့် ငွေလက်ဖွဲ့ ကလေးကိုသာ အလွန်နှမြောလှ၍ "ငါ့ဟာကလေး ပါသွားပြီ၊ ပါသွားပြီ။" -ဟု ခဏခဏ ညည်းညူလေ၏။

ထို့နောက် မြို့ဝန်မင်းသည် အိမ်သို့ရောက်၍ မီးလောင် သည့်အကြောင်းကို စစ်ဆေးရာ၊ ကျွန်မများတို့က 'မိမိတို့မှ အပြစ် မှချမ်းသာအောင် တစ်ကြောင်း၊ မင်းကတော်ကြီးကို မုန်းကြသည် လည်း တစ်ကြောင်း၊ ထိုအကြောင်းများကြောင့် 'မိမိတုတ် ခေါ်လာ သော ဆရာပွတ်စူးကပေးသည့် ဆေးဖယောင်းတိုင်ကို ထွန်းညှိရာ ကစ၍ လောင်ပါကြောင်း' ကို ပြောဆိုရာ၊ မြို့ဝန်မင်းသည် မင်းကတော်ကြီးကို ထပ်မံ၍ စစ်ဆေးမေးမြန်းသောအခါ၊ မှန်သမျှ ပြောသော်လည်း ဒေါသကို မသိမ်းနိုင်သောကြောင့် မင်းကတော် ကြီးကို မြက်တံမြက်စည်းနှင့် ကောက်၍ ရိုက်လေ၏။

မင်းကတော်ကြီးကလည်း တော်တော်နာသောကြောင့် မြကလေးကိုသာ စောင်းမြောင်း၍ ဆဲရေးတိုင်းထွာပြီးလျှင် တိုးတိုး တိုးတိုးနှင့် ကျိန်ဆဲလေ၏။

မြို့ဝန်မင်းကလည်း မိမိတုတ်နှင့် ပွတ်စူးကို ခေါ်၍ စစ် ဆေးရာ ဖြောင့်မှန်သောကြောင့် မိမိတုတ်ကို 'ရှုပ်ရမည်လား' ဟု မိမိတုတ်ကို ဝက်တုပ်တုပ်၍ သစ်ပင်မှာ ဆွဲထားပြီးလျှင် ဝါးလုံးနှင့် ထိုးလေ၏။

ပွတ်စူးမှာ "မောင်မင်းသည် တစ်မြို့လုံးကို လည်၍ လိမ်သည်မက ငါ့မိန်းမကိုတောင်မှ မကြောက်မရွံ့ လိမ်လည်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ဖြစ်၍ မောင်မင်း သေဖြစ်ပေတော့။''ဟု ပြောဆိုပြီးလျှင် သစ်ပင်မှာချည်၍ မြို့စာရေးများ၊ ထောင်သချီများကို ဓားနှင့် တစ်တစ်စီ လှီးခိုင်းလေ၏။ ထို့နောက်– အဆောင်ကိုင်များကို လည်း 'ရဲစွမ်းသတ္တိ ရှိကြရဲ့လား'ဟု ဓားနှင့် အလှီးခိုင်းလေ၏။ မလှီးဝံ့သောသူများသည် အထောင်းခံရလေ၏။

ထို့နောက်– မြို့ဝန်မင်းသည် ပွတ်စူးကို ချုပ်ထား၍ နောက်များမကြာမီ ရေလယ်သောင်ပြင် ပျော်ပွဲစား ကူးကြသော အခါ 'ပွတ်စူးကိုလည်း ခေါ်ခဲ့' ဟု အမိန့်ထုတ်၍၊ သောင်ပြင်သို့ ရောက်သောအခါ၊ ပွတ်စူးကို လွတ်အောင်ပြေးစေ၍ မြို့စာရေး များကို ဓားနှင့်လိုက်၍ အခုတ်ခိုင်းလေ၏။ ပွတ်စူးလည်း မပြေး နိုင်။ ယိမ်းယိုင်လဲသွားသောကြောင့် ဓားစာ ဖြစ်ရှာလေ၏။

အဆောင်ကိုင်များတို့သည် ''ပွတ်စူး၏ ဆေးဖယောင်း တိုင်သည် အင်မတန်ကောင်းပေသည်။ မြို့ဝန်မင်းကျေးဇူးရှင် ဘုရားတောင် အဝေးက ပြေး၍ လာရသည်။ သို့ဖြစ်၍ ဆရာကို ဓားနှင့် ပူဇော်ကြရသည်။''–ဟု ရယ်မောပြောဆိုကြလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

## ၄

## မှန်နန်းအပျိုတော်မြကလေးကို ဆင်နင်းသတ်စေခြင်း

တစ်ရံရောအခါ၌ကား၊ ဘုန်းတော်ကြီးလှသော အရှင် ၂ ပါးတို့သည် စစ်ကိုင်းဘက်သို့ ထွက်တော်မူ၍၊ အပြန်တွင် ကရဝိက်ဖောင်တော်ကို ခြေတော်တင်၍ အဝဘက်သို့ ဝင်တော်မူရာ မြို့သူမြို့သားများတို့သည် လမ်းလုံးညွတ်မျှ ဖူးမြော်ကြလေ၏။ ဦးရာချို့နှင့် မြကလေး-သားအဖတို့လည်း အိမ်ရှေ့သို့ဆင်း၍ ဖူးမြော်ကြလေ၏။

ထိုအခါ အရှင်နန်းမတော်ဘုရားကြီးသည် မြကလေးကို မြင်တော်မူ၍ သံတော်ဦးတင်ပြီးလျှင်၊ မှန်နန်းအပျိုတော်အရာနှင့် ကောက်ယူတော်မူ၍ ဆင်တစ်စီးပေါ်သို့ တင်ပြီးလျှင် နန်းတော်သို့ ဝင်တော်မူလေ၏။

သီရိသုစန္ဒာဘွဲ့ကို ပေးသနားတော်မူ၍ တောင်ပြုံးကြီးမြို့ကို အစား အသနားတော်မြတ် ခံရလေ၏။ အရှင် ၂ ပါးတို့သည်

mgyoe.com

mgyoe.com SAMPLE BOOK

အလွန်သဒ္ဓါတော်မူသောကြောင့် ပတ္တမြားနားတောင်းနှင့်တကွ စိန်ပန်းခိုင်များကို သနားတော်မူ၍ မကြာမကြာ ဆုတော်လာဘ်တော် ပေးပါများသောကြောင့် အခြားအပျိုတော်များတို့သည် မနာလို၊ မြကလေးကိုသာ အပြစ်ရှိအောင် ကြံစည်အားထုတ်နေကြလေ၏။

တစ်နေ့သ၌ ထုံးဖိုမြို့စားနှင့် ဆင်ရွာမြို့စား အပျိုတော် ၂ ယောက်တို့သည် တိုင်ပင်ကြသည်မှာ "မြကလေးသည် အင်မတန် သဒ္ဓါတော်မူသည်ဖြစ်၍ ဆုတော်လာဘ်တော် ခဏခဏ ရသည်။ မမတို့ ကျမတို့မှာ မရသည့်အတွက် ရှက်စရာ အလွန်ကောင်းသည်။ သို့ဖြစ်၍ မြကလေးကို ရာဇဝတ်သင့်အောင် ဘယ်လိုကြံစည်ရလျှင် တော်ပါမည်လဲ။"-ဟု ထုံးဖိုမြို့စားက မေးလေ၏။

ထိုအခါ ဆင်ရွာမြို့စားက "ကျမအကြံကို လိုက်ပါ။ မမ မကြောက်ပါနှင့်။"-ဟု ပြောဆိုသည်မှာ "အရှင်နန်းမတော်ဘုရားကို တစ်ခါတည်း မုန်းအောင် ကျမ ကြံစည်ပမည်။ ပုဆိုးတစ်ထည်ကို ယူခဲ့ပါ။"-ဟု ပြောဆို၍ ထုံးဖိုမြို့စားသည် ပုဆိုးတစ်ထည်ကို ယူခဲ့၏။

ငှင်းပုဆိုးကို ယူ၍ အရှင်နန်းမတော်ဘုရားကို ဆက်သပြီးလျှင် "တောင်ပြုံးကြီးမြို့စား မြကလေးသည် ညအခါ ပုဆိုးကို ဝတ်ပြီးလျှင် အရှေ့ပိုင်းကို သွားပါသည်။ ဘုရားကျွန်တော်မများတို့သည် လိုက်လံကြည့်ရှုရာ ရွှေတိုက်လက်ကြား ဗိုလ်ရှုဆောင်နားတွင် ပျောက်သွားပါသည်။ ၂ မောင်းလောက် ကြာသောအခါ ရွှေဆောင်တံခါးပေါက်မှ ထွက်၍ ပြန်လာပြီးလျှင်၊ ငှင်းပုဆိုးကို ချွတ်၍ ထမီကို လဲပြီးလျှင် မှန်နန်းဆောင် ဝင်လာပါသည်။"-

mgyoe.com SAMPLE BOOK

ဟု သံတော်ဦးတင်သောအခါ၊ အရှင်နန်းမတော်ဘုရားသည် "ဆင်ရှာစား တင်သည့်အတိုင်း အမှန်ပင် ဖြစ်သလား။"-ဟု ထုံးဖိုမြို့စားကို မေးလေ၏။

ထုံးဖိုမြို့စားကလည်း "မျက်မြင် ဖြစ်ပါကြောင်း၊ မဟုတ်တာကို လီဆယ်၍ မတင်ဝံ့ပါပေါင်ဘုရား။"-ဟု သံတော်ဦး တင်သောအခါ၊

"တော်ကြီးဘုရား[၁]နှင့် အချိန်းအချက်ထား၍ အကြံအစည် ပြုလုပ်ကြသည် ထင်သည်။ လင်ခိုးသောမိန်းမကို အစ ဖျောက်မှ တော်မည်။"-ဟု အမိန့်တော်ရှိ၍၊ စာရေးတော်ကြီး နေမျိုးသိရီရာဇာကို ခေါ်တော်မူပြီးလျှင် အမိန့်တော်ရှိသည်မှာ

"မောင်မင်းသည် ငါ့အိမ်တော်ပါ ကျေးတော်မျိုးကျွန် တော်မျိုးအစစ် ဖြစ်တော်မူသည်။ ငါ၏အမှုတော်ကို ကျေကုံအောင် ထမ်းရွက်ရမည်။"-ဟု အမိန့်တော် ရှိပြီးလျှင်၊ "ဥပါယ်တံမျဉ်နှင့် ကြံစည်၍ တောင်ပြုံးကြီးမြို့စား မြကလေးကို သူပုန်တို့ဘက်က နေ၍ အကြံအစည် ပြုလုပ်ကြောင်းကို ထင်ရှားအောင် ပြုလုပ်ရ မည်။"- ဟု အမိန့်တော် ရှိလေ၏။

ထိုအခါ အရှင်နန်းမတော်ဘုရားကျွန်တော်မျိုး စာရေး တော်ကြီးသည် လေးဆယ်တော်များ[၂]နှင့် ညှိနှိုင်းတိုင်ပင်၍ သူပုန် ဘက်က မြကလေးကို စာပေးလိုက်သည့်သဏ္ဌာန် ပြုလုပ်ပြီးလျှင် 'မြကလေးအဖေ ဦးရာချိုလက်သို့ မြကလေးက ပေးလိုက်ပါ။' ဟု ပြောဆို မှာထားခဲ့ပြီးလျှင် လေးဆယ်တော်တို့သည် ပြန်ခဲ့လေ၏။

၁။ ဘုရင်မင်းမြတ်။

၂။ နန်းတွင်း၌ ဘုရင့်အနီးအပါး ခစားထမ်းရွက်ရသူများ။

mgyoe.com

mgyoe.com
SAMPLE BOOK

ထိုအခါ စာရေးတော်ကြီးသည် "မြကလေးအဖေဦးရာချိုလက်တွင် သူပုန်တို့ကပေးသည့်သဏ္ဍာန် ယုတ္တိရှိအောင် အလုံးစုံရေးသား၍ ပေးထားပါကြောင်း၊ မြကလေး ထမင်းအုပ်နှင့်လာသော ကျွန်မများတွင် ၎င်းစာ ပါပါလိမ့်မည်။" ဟု သံတော်ဦး တင်သောအခါ၊ အရှေ့နန်းမတော်ဘုရားက တော်ကြီးဘုရားကို တစ်ဆင့် သံတော်ဦး တင်သည်မှာ

"ကွပ်ရွာ တောင်ပြုံးကြီးမြို့စား မြကလေးဆိုသူသည် နှမတော်သနား၍ မြှောက်စားချီးမြှင့်တော်မူသော ကျေးဇူးသစ္စာတော်ကို မထောက်။ ဖွတ် မိကျောင်းဖြစ်က မြစ် မချမ်းသာဆိုဘိသို့ လည်းကောင်း။ အရိပ်နေနေ အခက်ချိုးချိုး၊ သားရေပေါ်အိပ်ပြီးလျှင် သားရေနားကိုပါစားသော ခွေးတိရစ္ဆာန်ကဲ့သို့၊ မကြံစည်အပ်သော အရာများကို ကြံစည်သူ၊ သူပုန်အစစ် ဖြစ်ပါကြောင်း။ နှမတော်၏ ကျွန်တော်မျိုး 'နေမျိုးသီရိရာဇာဘွဲ့' ခံ ငရဲတင်သည် ထောက်လှမ်း၍ သတင်းရရှိသည်မှာ သူပုန်တို့နှင့် စာပေးစာယူ ပြုလုပ်ပါကြောင်း။ သို့ဖြစ်ပါ၍ တောင်ပြုံးကြီးမြို့စား အိမ်ကလာသော ကျွန်မများတို့တွင် သူပုန်လက်ကစာများပါသည်-မပါသည်ကို အနောက်တံခါးဗိုလ်တို့က စစ်ဆေးမေးမြန်းရန် အရေးတော်မူပါမည်အကြောင်း။" နှင့် သံတော်ဦး တင်တော်မူ လေ၏။

ထိုအခါ ဘုန်းတော်ကြီးလှသောဘုရားသည်

"ဤမိဖုရားသည်ကား ထီးဖွားနန်းဖွားလည်း မဟုတ်။ အမျိုးအရိုးလည်း မရှိ။ တလိုင်းနှင့် စစ်ဖြစ်ရာမှ ကောက်ယူခဲ့သည်လည်း တစ်ကြောင်း၊ ယခုလည်း တလိုင်း၏အရေးတော်သည် ပြီးစီးအောင်မြင်သေးသည်လည်း မဟုတ်။ ၎င်းမိဖုရားကိုလည်း

mgyoe.com SAMPLE BOOK

သဒ္ဒါတော်မူ၍သာ ချီးမြှင့်တော် မူရသည်။ အရာရာတိုင်းမှာပင် စိတ်ချတော်မမူ။ ယခုလည်း မည်သည့်အကြောင်းကြောင့် မသိ၊ မြကလေးကို မနှောလိုခြင်းကိစ္စနှင့် ကြံစည်ကြမည်လက္ခဏာ ထင်သည်။''-ဟု ဆင်ခြင်တော်မူပြီးလျှင် များစွာ ယုံကြည်တော်မမူသော်လည်း၊ မာရာဘင်ဗိုလ်မောင်မောင်ကလေးနှင့် ကွမ်းရည်တော်မောင်မောင်သုံး ခေါ်တော်မူ၍၊

''တောင်ပြုံးကြီးမြို့စား မြကလေးအိမ်က ကျွန်မများ ထွက်အဝင်ကို မောင်မင်းတို့က အနောက်တံခါးသို့သွား၍ အမှတ်မဲ့ သတိပြုပြီးလျှင် ကြည့်ရှုစောင့်ရှောက် စစ်ဆေးမေးမြန်းကြရမည်။ တစ်စုံတစ်ရာ ကြောင်းရာထွေထူး ရှိခဲ့လျှင် အမှုသည်နှင့်တကွ ရမိအောင် ဖမ်းဆည်း၍ ရွှေလက်တော်ရောက် ဆက်သရမည်။'' -ဟု အမိန့်တော် ထုတ်ပြန်တော်မူပြီးလျှင်၊ အနောက်တံခါးသို့ စေခိုင်းတော်မူလိုက်၏။

နက်ဖြန်နံနက်သို့တိုင် ရောက်သောအခါ ဦးရာချို့သည် အလွန် ရိုးသားဖြောင့်မတ်သူဖြစ်၍၊ 'တောင်ပြုံးကြီးရွာက သူကြီးများက မြကလေးထံ တစ်စုံတစ်ရာသောငွေအကြောင်းနှင့် ပတ်သက်၍ ပေးသောစာ ဖြစ်သည်' ဟု ဂရုမစိုက်ဘဲ ထမင်းအုပ်နှင့် နန်းတော်သို့ သွားမည် ကျွန်မ နန်းခါလက်တွင် စာကို ပေးလိုက်လေ၏။ ကျွန်မသည်လည်း တစ်စုံတစ်ရာမျှ မသိ။ ထမင်းအုပ်ကို ရွက်၍ စာကို လက်ကကိုင်ပြီးလျှင် နန်းတော်အနောက်တံခါးက ဝင်သွားလေ၏။

ထိုအခါ အနောက်တံခါးဝက စောင့်ကြပ်၍နေသော တံခါးဗိုလ်မင်းနှင့်တကွ အနောက်ဝန်၊ ၄င်းပြင် အနောက်ဝန်

mgyoe.com

mgyoe.com SAMPLE BOOK

စာရေး၊ ကွမ်းရေတော် မောင်မောင်သုံ၊ မာရဘင်ဗိုလ် မောင်မောင်ကလေးတို့သည် ထမင်းအုပ်လာတိုင်း စစ်ဆေးမေးနေဆဲတွင်၊ မြကလေး ထမင်းအုပ်နှင့်စာကို မြင်၍ မေးမြန်းစစ်ဆေးရာ၊ 'တောင်ပြုံးကြီးမြို့စား မြကလေး ထမင်းအုပ်ဖြစ်ကြောင်း' နှင့် ပြောဆိုအစစ်ခံသောအခါ၊ ၎င်းစာကို ဖွင့်၍ ကြည့်ကြလေ၏။

စာနှိုက် ပါသည်ကား

'ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဟံသာဝတီပြည့်ရှင် ဘုရင်ဇကေရာဇ်မင်းမြတ်၏ အမှုတော်ကို ထမ်းရွက်သော မင်းတိုင်ပင်အမတ်ကြီးက စာ ပေးလိုက်သည်။ တောင်ပြုံးကြီးမြို့စား မြကလေး အမှုတော်ကို ထမ်းရွက်လိုကြောင်း အဝမြို့နန်းတော်တွင်းနှိုက် တိုင်ပင်ကြသည်။ တောင်ငူလမ်းက ချီတက်လိမ့်မည်အကြောင်းများနှင့် အကြံအစည် အခြင်းအရာတို့ကို တစ်လုံးတစ်ဝတည်း သိရပြီ။ သို့သော်လည်း ငါတို့က အမြောက်အမြားနှင့် အဝမြို့သို့ အမှတ်မဲ့ ပို့ထားပြီးလျှင် လက်နက်ဓားလှံများကို ထွက်တော်မူလတ္တံ့သော အရာများနှိုက် မြှုပ်နှံ၍၊ ထွက်တော်မူသောအခါ ရုတ်တရက် လုပ်ကြံလိုသည်။ မည်သည့်လ မည်သည့်ရက် အဝဘုရင်မင်းမြတ်သည် ထွက်တော်မူလိမ့်မည်ဟု အသေအချာ ထောက်လှမ်း၍ စုံစမ်းပြီးလျှင် စာ ပြန်ကြားလိုက်ရမည်။ အကြံ

mgyoe.com

mgyoe.com SAMPLE BOOK

အစည်အတိုင်း အရေးတော် ပြီးစီးအောင်မြင်
လျှင် မိဖုရားအရာ တင်မြှောက်၍ ချီးမြှောက်
သူကောင်းပြုလိမ့်မည်။

တောင်ပြုံးကြီးမြို့စား မြကလေး။'

ဤကဲ့သို့ စာတွင် ပါရှိသည်ကို တွေ့မြင်ကြသောအခါ အနောက်ဝန်နှင့် တံခါးမိုလ်တို့သည် ၄င်းကျွန်မကို ဖမ်းဆီးကြလေ၏။

မာရဘင်မိုလ်မောင်မောင်ကလေးက အောက်မေ့သည်မှာ 'မြကလေးသည် ငါ့ကို မစုံမက်သည့်အတွက် အသက်သေရရှာတော့မည်။ ဆင်းရဲသားဘာသာ နေလျှင် အကောင်းသားနှင့်၊ မြို့စားရွာစားဖြစ်မှ ရာဇဝတ်အပြစ်ကို ခံရတော့မည်။ ယခုအမှုမှာလည်း မိုးကို မီးလောင်ဘိသကဲ့သို့၊ မည်သူမှ ကြံစည်၍ မနုတ်နိုင်သောအမှု ဖြစ်သည်။ ငါ့ကို မကြိုက်သော်လည်း သင်း မိုက်သည့်အတွက် အသက် သေဆုံးရှာတော့မည်။ ရှိဖူးတဲ့ မေတ္တာ၊ ကရုဏာကြောင့် လွန်စွာ သနားလိုက်ပါငဲ့ မြကလေးရဲ့။'-ဟု အောက်မေ့ပြီးလျှင် မျက်ရည်ရွှန်းရွှန်းလည်လေ၏။

ကွမ်းရေတော်မောင်မောင်သုံကလည်း 'သြော် -ဖြစ်ရလေ မြကလေးရယ်။ ငါ့စကားကို နားထောင်လျှင် အိုအောင်ပင် ချမ်းသာ၍ ကောင်းစွာ နေထိုင်ရကြတော့မည်။ သွီးနှင့်သား ပွားများဆောက်ဦ လှူချင်တိုင်းလှူပြီးလျှင် ကြည်ဖြူစွာ နေထိုင်ပါလျက်၊ လှဂုဏ်ကိုးပြီးလျှင် ငါ့စကားကို ငြင်းဖယ်သည့်အတွက်' အခက်ကြီးခက်လို့မို့ အသက်တောင် သေဆုံးရှာကြတော့မည်။

mgyoe.com

mgyoe.com SAMPLE BOOK

ငါ့တစ်ယောက်တည်းဖြစ်လျှင် ကြံစည်၍ ကယ်နိုင်လေရဲ့။ ယခုမှာ အများနှင့်ဖြစ်၍ အမှုကို ပေါ်အောင်ပြောလျှင် ပြောသောသူပင် သူပုန်ထဲသို့ ပါဝင်မည်ဖြစ်၍ တစ်စုံတစ်ရာ ကူညီ၍ မကယ်သာ ဖြစ်တော့သည်။ မင်းအကြောင်းမင်းကံသည် အင်မတန် ဆိုးရှာလှ သူမို့ အသည်းကလှိုက်ဖို ဟာစ်လို့ပင် ငိုချင်ကတဲ့။ ကိုယ့်ကိုယ်ကို အနိုင်ချုပ်၍ လူကွယ်မှာ မျက်ရည်သုတ်ရ။ စိတ်ရှုပ်စရာ ကောင်း လိုက်ပါဘိ မြကလေးရဲ့။'-ဟု စိတ်က အောက်မေ့ရှာလေ၏။

ထို့နောက်- တံခါးဗိုလ်မင်းနှင့် အနောက်ဝန်တို့က မြ ကလေးကျွန်မ မိနန်းခါကို စာနှင့်တကွ ဖမ်းဆီး၍ ရွှေလက်တော် ရောက် ဆက်သရန် ပြောဆိုတိုင်ပင်ကြပြီးလျှင်၊ မာရဘင်ဗိုလ်တို့ နှင့်တကွ ဗိုလ်ရှုဆောင်သို့ ခေါ်သွားကြလေ၏။ စာကို ကြည့်ရှု တော်မူ၍ မိနန်းခါကို ကိုယ်တော်တိုင် စစ်ဆေးတော်မူသောအခါ မိနန်းခါက 'မြကလေးအဖဖြစ်သူ ဦးရာချိုလက်က ၎င်းစာကို ရပါကြောင်း' နှင့် အစစ်ခံ ထွက်ဆိုရာ၊ ငရာချိုကို ဖမ်းဆီး၍ စစ်ဆေး မေးမြန်းတော်မူလေ၏။

ငရာချိုလည်း ရိုးသားဖြောင့်မတ်ခြင်း ရှိသည့်အတိုင်း၊ "၎င်းစာကို အချိန်မဲ့ လူ ၂ ယောက် လာ၍၊ 'ကွပ်ရွာ တောင်ပြုံး ကြီးမြို့စားသခင်မကို ရောက်အောင် ပေးပါ။ ကျွန်တော်တို့ တောင်ပြုံးကြီးရွာက ဖြစ်ပါသည်ဟု ပြောဆို၍ ပြန်သွားကြပါ သည်။ ကျွန်တော်မျိုးလည်း အရေးယူလောက်သောစာ မဟုတ် ထင်၍ ဝတ်ကျောင်းသို့ ဘုရားဝတ်တက်မပျက်စေဘဲ စာကို ချ ထား၍ ထသွားပါသည်။"-ဟု သံတော်ဦး တင်သောအခါ၊

ဘုန်းတော်ကြီးတော် မူလှသောဘုရားသည် "ဤ

mgyoe.com